> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**
- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၅၄)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ စနေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ပေးပို့သည့်သဝဏ်လွှာ

**ချစ်ခင်လေးစားအပ်ပါသော အာခါတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အခမ်းအနားတွင် အာခါတိုင်းရင်းသားလူမျိုးများနှင့်တကွ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁** ☆

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၇

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း

**စာမျက်နှာ ၁၆ ကော်လံ ၁** ■




# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်)

## ဖြောင့်မတ်တည်ကြည် ကျွမ်းကျင်ကူညီဆေးစစ်သည်

လူတိုင်းအတွက် ကျန်းမာရေးသည်အကြီးမားဆုံးဆုလာဘ်ဖြစ်ပေရာ ကျန်းမာခြင်း၏တန်ဖိုးမှာ လွန်စွာကြီးမားလှပေသည်။ ကျန်းမာရေးကောင်းမွန်စေရန်အတွက် မိမိတို့ကိုယ်တိုင် ကံစိတ်ဥတုအာဟာရ မျှတအောင်နေထိုင်ကြရမည်ဖြစ်သလို ကျန်းမာရေးကောင်းမွန်ရေးအတွက် စောင့်ရှောက်မှုခံယူရသည့်အခါ ဆေးဘက်ပညာရှင်များ၏အကူအညီကိုရယူကြရမည်ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်ပေးသူများ အနေဖြင့် အနောက်တိုင်းဆေးပညာပိုင်းတွင်သာမက တိုင်းရင်းဆေးပညာရပ်ပိုင်းတွင်လည်း နှံ့စပ်ကျွမ်းကျင်သူများဖြစ်အောင် ကျင့်ကြံအားထုတ်ရမည်ဖြစ်သည်။ နွယ်မြစ်သစ်ပင်များ၏သဘာဝပစ္စည်း၊ ဓာတ်ပစ္စည်းရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိများကတစ်ဆင့် ဆေးဝါးဆိုင်ရာအာနိသင်များကို လူသားတို့အသုံးပြုနိုင်ရန်အတွက်လည်း ရှာဖွေဖော်စပ်နေကြရမည်ဖြစ်သည်။ အချိန်အခါနှင့်နေရာဒေသအပေါ်မူတည်ပြီး တိုင်းရင်းဆေးပညာရပ်နှင့်ခေတ်သစ်ဆေးပညာရပ်များကို လိုက်လျောညီထွေဖြစ်အောင် တွဲဖက်အသုံးပြုတတ်ကြရမည်ဖြစ်သည်။

**“ကျန်းမာကြံ့ခိုင်တိုက်နိုင်ရန်”** ဆိုသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ရည်မှန်းချက်တာဝန်ကို စွမ်းဆောင်ရည်ပြည့်ဝစွာသယ်ပိုးနိုင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်ကောင်းများဖြစ်လာစေရန် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်က သင်တန်းသားများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၉) အထိ ရောက်ရှိခဲ့ပြီဖြစ်သည်။ အဆိုပါသင်တန်းသားများမှာ သင်တန်းကာလအတွင်းတွင် **“သူရ၊ ပညာ၊ ကျွမ်းကျင်”** ဆိုသည့် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၏ဆောင်ပုဒ်နှင့်အညီ စစ်ပညာနှင့်ဆေးဘက်ပညာရပ်များကို ကဏ္ဍအလိုက်နားလည်တတ်ကျွမ်းအောင်လေ့ကျင့်သင်ကြားပေးပြီးဖြစ်၍ မိမိတို့တာဝန်ကျရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သည် သူနာပြုပါရဂူဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာသိပ္ပံဘွဲ့များပေးအပ်ကာ **“ကျွမ်းကျင်ကူညီဆေးစစ်သည်”** များအဖြစ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ သင်တန်းဆင်းဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တာဝန်ကျရာနေရာအသီးသီးတွင် စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကျင့်ကြံပြီး တပ်မတော်၏ဂုဏ်ကိုမြှင့်တင်ကြရမည်ဖြစ်သည်။ တပ်မတော်သားများနှင့်မိသားစုများသာမက ပြည်သူလူထု၏ကျန်းမာရေးကိုလည်း နေရာဒေသမရွေးစောင့်ရှောက်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး” ကို ဦးတည်ချက်တစ်ရပ်အဖြစ်ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် တပ်မတော်သည်လည်း အဆိုပါဦးတည်ချက်အောင်မြင်ရေးကိုပါဝင်ထမ်းဆောင်လျက်ရှိသည်။ နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများဖြစ်သည့် ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့်ဆေးဘက်ဆိုင်ရာပညာရှင်များသည် လုံလောက်သောအရည်အချင်းများနှင့်ပြည့်ဝနေရမည်ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရာတွင် ဆရာဝန်များသာမက သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့်ဆေးဘက်ဆိုင်ရာနည်းပညာကျွမ်းကျင်သူများသည်လည်း အရေးကြီးသောအင်အားစုကြီးပင်ဖြစ်သည်။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များထမ်းဆောင်ကြရသည့်အဓိကတာဝန်သည် သူတစ်ပါးအသက်ကို အချိန်နှင့်တစ်ပြေးညီကယ်ဆယ်ရသည့်လုပ်ငန်းတစ်ခုဖြစ်ခြင်းကြောင့် မွန်မြတ်ဖြူစင်ပြီး ထူးကဲသည့်ကုသိုလ်အကျိုးကိုရရှိစေသည့် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုပင်ဖြစ်သည်။ သူနာပြုနှင့်ဆေးဘက်ဆိုင်ရာအကူအညီပေးရေးလုပ်ငန်းစဉ်များသည် ဆေးဝန်ထမ်းတပ်ဖွဲ့၏အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး တပ်မတော်၏ကာကွယ်ရေးစွမ်းအားမြင့်မားစေရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိသည်။ အခြေခံသူနာပြုကောင်းတစ်ဦးအတွက်အရေးကြီးဆုံးမှာ သူနာပြုစိတ်ဓာတ်ခိုင်မာရှင်သန်နေရန်ဖြစ်သည်။ အခြေခံသူနာပြုစိတ်ဓာတ်ဖြစ်သည့် ကရုဏာတရားကြီးမားပြီး ကြင်နာတတ်သူ၊ ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သူ၊ စေတနာထက်သန်သူ၊ စိတ်ထားမွန်မြတ်သူ၊ အပင်ပန်းအဆင်းရဲခံနိုင်သူ၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်သူ စသည့်အင်္ဂါရပ်များနှင့် ထူးကဲစွာပြည့်စုံနေရမည်ဖြစ်သည်။

သူနာပြုတစ်ဦးအနေဖြင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးဆိုင်ရာပညာပေးသူ၊ ဆွေးနွေးအကြံပြုသူ၊ ပြုစုစောင့်ရှောက်ပေးသည့်သူ စသည့်အသွင်သဏ္ဍာန်မျိုးစုံနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များတွင် ပါဝင်နေကြခြင်းဖြစ်သည်။ သူနာပြုတစ်ဦး၏အပြောအဆို၊ အပြုအမူသည် လူနာ၏စိတ်ဓာတ်နှင့်ခွန်အားများ လန်းဆန်းတက်ကြွစေနိုင်ပြီး ကုသပေးမှုကိုလည်းထိရောက်စေပါသည်။ သူနာပြုကောင်းတစ်ဦးတွင် လူသားဆန်သည့်စိတ်ဓာတ်များဖြစ်သည့် တည်ငြိမ်ရဲရင့်မှု၊ မြုပ်နှံစုစည်းမှု၊ အသိဉာဏ်ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ စိတ်အားထက်သန်မှု၊ ကိုယ်ချင်းစာစိတ်ရှိမှုများနှင့်ပြည့်ဝနေရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်နှင့်တပ်မတော်ကအားထားရသော ကျွမ်းကျင်ကူညီဆေးစစ်သည်များအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်ရေး။

၅။ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## တပ်ကုန်းမြို့နယ်လူထုအခြေပြုဗဟိုဌာန၌ လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် MMKM Chinese Language Center တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးခြင်းကို ဒီဇင်ဘာလ ၂၆ ရက်တွင် အဆိုပါဦးစီးဌာနရှိစုပေါင်းခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်ပြီး MMKM Chinese Language Center မှ ဆရာဦးအောင်ပြည့်ဖြိုးနှင့် သင်တန်းသား၊ သင်တန်းသူများက လူငယ်နှင့်အားမာန်၊ လူငယ်နှင့်တာဝန်၊ လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့်ရည်မှန်းချက် စသည့်ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးကာ တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်သော ဦးစီးအရာရှိနှင့်ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင့်တင့်ခိုင်နှင့် တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးကြသည့် ဆရာဦးအောင်ပြည့်ဖြိုး၊ သင်တန်းသား၊ သင်တန်းသူများအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတရသစာအုပ်များ၊ စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ၏အဆိုအမိန့်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို သင်တန်းသား၊ သင်တန်းသူများ လေ့လာကြည့်ရှုကြောင်းသိရသည်။ (၄၁၃)

## သဇင် (FM) အသံလွှင့်အစီအစဉ်

၂၈-၁၂-၂၀၂၄(စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | ယဉ်ကျေးလိမ္မာဖို့နားဆင်စို့ |
| ၂။ | ၀၈:၂၀ | Morning Songs |
| ၃။ | ၁၁:၅၀ | စိုက်မွေးသုတ |
| ၄။ | ၁၄:၅၀ | Business Tips |
| ၅။ | ၁၆:၀၀ | Holiday Vibes |
| ၆။ | ၂၁:၄၀ | ဇာတ်လမ်းအသွင်တေးသံစဉ် |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

★ **ရှေ့ဖုံးမှအဆက်**

**❑ အာခါလူမျိုးတို့အနေဖြင့် ခေတ်အဆက်ဆက်တွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်ခဲ့၊ ထို့ကြောင့် အာခါလူမျိုးတို့ နေထိုင်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မြင့်မားနေသည်ကိုတွေ့ရှိရ . . .**

**❑ မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ လာအို၊ ထိုင်း စသည်တို့နှင့် နယ်နိမိတ်ထိစပ်နေသော နယ်စပ်ဒေသများတွင်နေထိုင်လျက်ရှိသောကြောင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုတည်ဆောက်ပြီး နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသ ကုန်သွယ်ရေး လုပ်ငန်းများ တိုးတက်ကောင်းမွန်ခြင်းမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက် တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ် . . .**

အာခါလူမျိုးအကြီးအကဲတို့၏ဦးဆောင်မှုဖြင့် ၁၉၇၅ ခုနှစ်မှစတင်ကျင်းပခဲ့သော အာခါအမျိုးသားနေ့ကို အာခါလူမှုအဖွဲ့အစည်းအသီးသီးမှ စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်၍ နှစ်စဉ်စည်ကားသိုက်မြိုက်ပြီး အောင်မြင်စွာကျင်းပခဲ့ကြသည်မှာ ယခုအခါ ရွှေရတုကာလ နှစ်(၅၀)ပြည့် အခါသမယသို့ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတို့ကိုဖော်ပြခွင့်ရသည့်အမျိုးသားနေ့အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူမိပါသည်။

အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများသို့ ဝင်ရောက်အခြေချနေထိုင်ခဲ့သည့် ၁၁ ရာစုအစောပိုင်း အချိန်ကာလများမှစ၍ ဒေသခံတိုင်းရင်းသားလူမျိုးများနှင့်အေးအတူ ပူအမျှစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ စည်းလုံးညီညွတ်စွာနေထိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အာခါလူမျိုးတို့ အနေဖြင့် ပင်ရင်းဘာသာဖြစ်သော အာခါဇန်းဘာသာအပြင် ဒေသခံ အခြားတိုင်းရင်းသားများနည်းတူ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ တို့ကို ကိုးကွယ်လျက်ရှိပြီး ဘာသာတရား၏အဆုံးအမများအောက်တွင် အေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။ အာခါစာပေနှင့်ပတ်သက်၍လည်း ၂၀၀၈ ခုနှစ်မှစတင်၍ တစ်ခုတည်းသော အာခါအမျိုးသားစာပေကိုဖော်ဆောင်နိုင်ခဲ့သည်ကိုတွေ့ရှိရသောကြောင့် အာခါလူမျိုးတို့၏ ကြိုးပမ်းအားထုတ်မှုကို ဖော်ပြနိုင်ခဲ့ပါသည်။ အာခါလူမျိုးများသည် မိမိတို့၏အဝတ်အထည်များကို ကိုယ်တိုင်ရက်လုပ်ဝတ်ဆင်ကြသကဲ့သို့ မိမိတို့၏ယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းတို့ မပျောက်ပျက်အောင်ထိန်းသိမ်းလျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။ အာခါလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအရ ရာသီအလိုက်ကျင်းပပြုလုပ်သည့် ထုံးတမ်းအစဉ်အလာပွဲများနှင့် လူမျိုးဘာသာမရွေး အာခါတိုင်းရင်းသားတို့နှင့်အတူတကွ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်သော ပွဲတော်များကျင်းပလျက်ရှိသည်ကိုလည်း သိရှိရပါသည်။

**❑ အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရ လျှောက်လှမ်းနေသည့်လမ်းကြောင်းအတိုင်း လိုက်ပါ၍ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် မိမိတို့၏လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာ၊ ထို့ကြောင့် အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် . . .**

**❑ အာခါလူမျိုးတို့အနေဖြင့် မိမိတို့တွင် ခိုင်ခိုင်မာမာရှိပြီးဖြစ်သော သမိုင်းအစဉ်အလာ၊ ရိုးရာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုမပျောက်ပျက်အောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ရင်း ယခုကဲ့သို့ အမျိုးသားနေ့များမှတစ်ဆင့် အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှုများကို ဖော်ထုတ်ပြသကာ အာခါလူမျိုးတို့၏ဂုဏ်ကိုမြှင့်တင်နိုင်ကြပြီး နိုင်ငံတော်နှင့် ဒေသကောင်းကျိုးကို ရွက်ဆောင်နိုင်သူများဖြစ်အောင် ကြိုးပမ်းအားထုတ် . . .**

အာခါလူမျိုးတို့အနေဖြင့် ခေတ်အဆက်ဆက်တွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့နေထိုင်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍတိုးတက်မှု၏ရလဒ်အဖြစ် ယခုအခါ နိုင်ငံတော်၏ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးနယ်ပယ် အသီးသီးတွင် အာခါလူမျိုး တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများ အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပါသည်။ အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ လာအို၊ ထိုင်း စသည်တို့နှင့် နယ်နိမိတ်ထိစပ်နေသော နယ်စပ်ဒေသများတွင်နေထိုင်လျက်ရှိသောကြောင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုတည်ဆောက်ပြီး နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ခြင်းမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးကိုရှေးရှုကာ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ပြီး နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အတွင်း ဒေသအချို့တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန်နှင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းများဖြင့်ဖြေရှင်းရန် ဖိတ်ခေါ်ထားရှိပြီးဖြစ်ပါသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် မိမိဒေသနှင့် မိမိလူမျိုးအကျိုးကိုမျက်ကွယ်ပြုကာ အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါသည်။ အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရ လျှောက်လှမ်းနေသည့်လမ်းကြောင်းအတိုင်းလိုက်ပါ၍ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် မိမိတို့၏လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာသည်ကို တွေ့ရှိခဲ့ရပြီးဖြစ်ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မိမိတို့ဒေသနှင့်လူမျိုးအကျိုးကို ပိုမိုမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်နှင့်ဒေသအတွက် မှတ်ကျောက်တင်ခံနိုင်သော သမိုင်းမှတ်တမ်းကောင်းများကို ရေးထိုးခဲ့ကြပြီးဖြစ်သလို ဆက်လက်ရေးထိုးနိုင်ရေး ကြိုးပမ်းကြလိမ့်မည်ဟုယုံကြည်ပါသည်။ ထို့အပြင် အာခါလူမျိုးတို့အနေဖြင့် မိမိတို့တွင် ခိုင်ခိုင်မာမာရှိပြီးဖြစ်သော သမိုင်းအစဉ်အလာ၊ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို မပျောက်ပျက်အောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ရင်း ယခုကဲ့သို့ အမျိုးသားနေ့များမှတစ်ဆင့် အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှုများကိုဖော်ထုတ်ပြသကာ အာခါလူမျိုးတို့၏ဂုဏ်ကိုမြှင့်တင်နိုင်ကြပြီး နိုင်ငံတော်နှင့် ဒေသကောင်းကျိုးကိုရွက်ဆောင်နိုင်သူများ ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါလို့ တိုက်တွန်းရင်း နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**


# ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့်သတင်းအေဂျင်စီ လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ် လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊၀၁-၈၆၀၄၇၅၁၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

၂၀၁၄ ခုနှစ်တွင် ရန်ကုန်ရောက် ရခိုင်စာရေးဆရာများကို ကျွန်တော့်အိမ်သို့ ဖိတ်ခေါ်ပြီး "ရိုးမအလင်္ကာစာပေဝိုင်း"ကို တည်ထောင်ဖွဲ့စည်းခဲ့သည်။ ဝါရင့်စာရေးဆရာကြီးများကို စာတည်းအဖွဲ့မှာ ပါဝင်ကူညီကြရန် မေတ္တာရပ်ခံခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှစပြီး "ရိုးမအလင်္ကာစာပေဝိုင်း" ဝတ္ထုတိုစုစည်းမှု စာအုပ်များကို နှစ်စဉ်ထုတ်ဝေလာခဲ့ရာ ရှစ်နှစ်တိတိအကြာမှာ ၂၀၂၂ ခုနှစ်အတွက် အမှတ်စဉ် (၈)အထိ ရောက်ရှိလာခဲ့လေပြီ။

"ရိုးမအလင်္ကာစာပေဝိုင်း"၏ ဆောင်ရွက်ပုံမှာ နှစ်စဉ် ဇန်နဝါရီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ ငါးလတိုင်တိုင် စာမူခေါ်သည်။ ဇွန်လ၊ ဇူလိုင်လများတွင် စာတည်းအဖွဲ့ဝင်များက စာမူများကို တည်းဖြတ်ပြင်ဆင်ရွေးချယ်ကြသည်။ ဩဂုတ်လတွင် ကွန်ပျူတာစာစီ၊ စာဖောင်ဖွဲ့ပြီး စာစီစာရိုက်ရာတွင် အသင့်ဖြစ်စေရန်အကြိမ်ကြိမ်ဖတ်ရှုပြင်ဆင်ကြသည်။ စက်တင်ဘာလတွင် ပုံနှိပ်တိုက်သို့ပို့ပြီး သတ်မှတ်အုပ်ရေအတိုင်း ရိုက်နှိပ်သည်။ အောက်တိုဘာလဆိုလျှင် ဖြန့်ဝေတော့သည်။

ကျွန်တော်သည် စာအုပ်ထွက်ပြီး သီတင်းတစ်ပတ်အတွင်း အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှတစ်ဆင့် စာရေးသူများ၏လက်ဝယ်သို့ မေတ္တာလက်ဆောင်စာအုပ်နှင့်စာမူခငွေကို အရောက်ပေးပို့သည်။ ကိုယ်တိုင်ပဲပြေးပြေးလွှားလွှား ဆောင်ရွက်ပါသည်။ လူပင်ပန်းခြင်း၊ စိတ်ပင်ပန်းခြင်း၊ ငွေကြေးကုန်ကျခြင်းတို့ကြောင့် ကျွန်တော်တစ်စုံတစ်ရာတွေဝေနေခဲ့သည်မျိုးမရှိခဲ့ပါ။ အောင်အောင်မြင်မြင်ထုတ်ဝေနိုင်ခဲ့ပြီး စာရေးသူလက်ဝယ်သို့ မေတ္တာလက်ဆောင်စာအုပ်နှင့် စာမူခရောက်သွားလျှင် ကျွန်တော်ကျေနပ်ပေပြီ။

ကျွန်တော် "ရိုးမအလင်္ကာစာပေဝိုင်း" ကို တည်ထောင်ခြင်းမှာ စာပေရေးသားလိုစိတ်ရှိကြသော လူငယ်များကို စာပေစင်မြင့်ပေါ်သို့ ရောက်ရှိနိုင်ရေးအတွက် ကျောပိုးပြီး ပို့ပေးနေသည်ဟု ဆိုလိုက်ပါရစေ။ ၂၀၂၂ ခုနှစ်မှစပြီး ရောက်ရှိလာသော ဝတ္ထုတိုစာမူများထဲက အကောင်းဆုံးတစ်ပုဒ်ကို စာတည်းအဖွဲ့က ရွေးချယ်ပြီး "ရိုးမအလင်္ကာစာပေဆု" အဖြစ် ချီးမြှင့်ငွေ ငွေကျပ် တစ်သိန်းတိတိ ပေးခဲ့ပါသည်။ နောင်လည်း ဆက်လက်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း သတင်းစကားပြောကြားထားပြီးဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ကျွန်တော်သည် မိမိဝါသနာပါရာ စာပေအလုပ်ကို စိတ်ရောကိုယ်ပါပေးဆပ်လုပ်ကိုင်နေရသဖြင့် ပေးဆပ်သူတို့နှလုံးသားပိုင်ရှင် ကျွန်တော် ပျော်မောခဲ့ရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကျွန်တော် ဤသို့ မိမိဝါသနာပါရာ စာပေအလုပ်ကို လုပ်နိုင်ခြင်းမှာ မူလတန်းကျောင်းအုပ် ပင်စင်လစာလေးကို စုဆောင်းပြီး စာအုပ်ထုတ်ဝေနေခြင်းဖြစ်ကြောင်း ရိုးသားစွာဝန်ခံပါရစေ။ ရှင်းရှင်းပြောရလျှင် ကျွန်တော် ပင်စင်လစာကလေးကို တစ်နှစ် စုဆောင်းထားလျှင် "ရိုးမအလင်္ကာစာပေဝိုင်း" ဝတ္ထုတိုစုစည်းမှု တစ်အုပ်စီ ထုတ်ဝေနိုင်ပါသည်။ ဤသို့ ကျွန်တော့် ပင်စင်လစာကို စာအုပ်ထုတ်ဝေရန်အလို့ငှာ စုဆောင်းနိုင်ခြင်းမှာ မိသားစုစားဝတ်နေရေးနှင့် ဘဝရပ်တည်ရေးကို ကျွန်တော်၏ တစ်ဦးတည်းသော သမီးလေးက အစစအရာရာ တာဝန်ယူထားသောကြောင့်ပင် ဖြစ်ပါသည်။

"ပါပါသာ ကိုယ်ဝါသနာပါရာ စာပေအလုပ်ကို ကြိုက်သလောက်လုပ်ပါ၊ သမီးတတ်နိုင်သလောက် ဖြည့်ဆည်းပေးပါ့မယ်"

"ပါပါက သမီးရဲ့ ကျေးဇူးရှင်အဖေပဲ၊ လက်ဦးဆရာလည်းဖြစ်ပါတယ်" ဟု ကျွန်တော့် စာပေအလုပ်အတွက် သမီးလေးက မေတ္တာတံခါး ဖွင့်ပေးထားပါသည်။ ကျွန်တော့်သမီးလေးသည် သမ္မာအာဇီဝရရှိသည့်ငွေဖြင့် မိဘနှစ်ပါးကို ပြုစုစောင့်ရှောက်ပါသည်။ ကျွန်တော့်သမီးလေးကား မိဘကျေးဇူးကို သိတတ်သော၊ ဆရာသမားကျေးဇူးကို သိတတ်သော သမီးကောင်းလေးပင်ဖြစ်ပါသည်။

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ
မွေခံထိုက်စေ၊ လျှုမှုဝေ၍
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်
ကျင့်ဖွယ်သားတို့တာ။

ဆိုသော မြန်မာ့ရိုးရာ လူမှုရေးကျင့်ဝတ်ကို ကျွန်တော့်သမီးလေး ကောင်းစွာစောင့်ထိန်းနိုင်ခဲ့ပေသည်။ မိသားစုဘဝ စားဝတ်နေရေး တစ်နည်းအားဖြင့် မိဘနှစ်ပါး၏ စားသောက်နေထိုင်ရေး၊ ဆေးဝါးကုသရေး၊ လှူရေးတန်းရေးကအစ ချစ်သမီးက အစစအရာရာ ပြုစုစောင့်ရှောက်ပေးလျက်ရှိနေပါသည်။ မိဘနှစ်ပါးကို အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူးပို့သည်။ တက္ကသိုလ်ပညာကို သင်ယူရာတွင် အခက်အခဲရှိသော တက္ကသိုလ်ကျောင်းသားတချို့ကို ပံ့ပိုးခွင့်ရခဲ့သည်။ သို့ဖြစ်၍ ကျွန်တော့်အတွက် ဌာနက ပံ့ပိုးပေးသော ငွေကြေးသည် စာပေပြေးလမ်းကြောင်းပေါ်က ပဋ္ဌိဇီဝအားဆေးပင်ဖြစ်ပေတော့သည်ဟု ဆိုလိုက်ပါရစေ။

သမီးလေးသည် သူ၏ စုဆောင်းရရှိငွေလေးဖြင့် မိဘကို ကျန်းမာရေးစစ်ဆေးမှု မပြတ်ပြုလုပ်ပေးလေ့ရှိပေသည်။ ကျွန်တော်တို့ မိဘနှစ်ဦးမှာ ကိုယ်တွင်းရောဂါဝေဒနာချမ်းသာသူများဖြစ်ကြ၍ ဆေးခန်းပြ၊ ဆေးရုံသွား၊ ဆေးသောက်ဆေးစား အမြဲပြုလုပ်နေသည်။ သမီးလေးသည် မိဘကို မအိုစေချင်၊ မသေစေချင်သေး၊ ကောင်းကောင်းပြုစုချင်သေးပုံရသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဆေးရုံကြီးသို့ သွားပြီး ကျန်းမာရေးအတွက် (Medical Check) များ လုပ်စေသည်။ အိန္ဒိယနိုင်ငံ ဂယာမြို့သို့သွားပြီး ဘာသာရေးအတွက် မြတ်ဗုဒ္ဓ၏ ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ လေးဌာနကို သွားရောက်လေ့လာဖူးမြော်စေသည်။ ၂၀၁၈ ခုနှစ်တွင် ဘဒ္ဒန္တသုစိတ္တာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) (မဗ္ဗာစရိယ တက္ကသိုလ်များ၏ နာယကချုပ်ဆရာတော်)ဦးဆောင်ပြီး အောင်ချမ်းသာဘုရားဖူးအဖွဲ့တွင် ကျွန်တော့်ကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးပြီး သွားရောက်စေခဲ့သည်။

မြစ်ကြီးသီတာ မည်မျှပင်ရှည်လျားပါစေ ကျွန်တော်သည်ကား မဟာဇနကထုံးကို နှလုံးမူပြီး မဆုတ်မနစ်သောဇွဲဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရောက်အောင် ချီတက်နိုင်ခဲ့လေပြီဟု ဆိုလိုက်ပါရစေ။

ကျွန်တော်၏ ဘဝပြေးလမ်းတစ်လျှောက်တွင် ရည်မှန်းချက်ကို ရောက်ရှိနိုင်ရေးအတွက် ယုံကြည်ချက်ကို ခိုင်မာစွာဆုပ်ကိုင်ပြီး ခက်ခဲပင်ပန်းခြင်းကြီးစွာဖြင့် ရုန်းကန်လှုပ်ရှားခဲ့ရသည်မှာ မြစ်ကို အလျားလိုက်စုန်၍ ကူးခတ်ခဲ့သည်သို့ ပင်ပန်းလှချေ၏။ သို့သော် ကျွန်တော်ကား ဇွဲမလျှော့ခဲ့၊ ပန်းတိုင်သို့ရောက်အောင် ကူးခတ်နိုင်ခဲ့လေပြီ ဖြစ်ပါတော့သည်။

**ယုံကြည်ချက်**

စံပယ်ပွင့်အား
လက်ဖြင့်ပွတ်ချေ၊ ညက်ညက်ကြေလည်း
မပြေမွေးနံ့၊ သင်းထုံပျံ့သို့
ဆင်ငိုမြက်အား
ချေဖျက်နင်းချေ၊ ညက်ညက်ကြေလည်း
မသေမပျောက်၊ ပြန်လည်ပေါက်သို့
ငှက်ပျောပင်အား၊ ဓားတင်ပိုင်းဖြတ်
သေအောင်သတ်လည်း
ထပ်မံဝေဆာ၊ ရွက်လက်ဖြာသို့
ချိန်ခါသင့်မြတ်၊ ကျရောက်လတ်က
ငါ့ဘဝနွေ၊ ကန္တာတွေလည်း
ရွှေပိတောက်ခိုင်၊ ငုပန်းလှိုင်လို့
မြိုင်ဆိုင်ရွက်နု၊ ပင်တိုင်းလုကာ
ရတုသာမော၊ ဂိမှာန်တော၌
ဥဩငှက်လျှင်၊ နွေတေးဆင်၍
ပီပြင်အလှ ပေါ်လိမ့်တကား။ ။

ကျွန်တော် စာမေးပွဲတွေကျ၊ မိဘက စီးပွားရေးပျက်လို့ မိသားစုဘဝ စိတ်ရောကိုယ်ပါ မောဟိုက်နွမ်းလျခိုက် ရင်တွင်းခံစားချက်အပြည့်နှင့် စပ်ဆိုထားခဲ့သော 'ယုံကြည်ချက်' ကဗျာသည် ကျွန်တော့်ဘဝတွင် ရှေ့ဆုံးက အင်ပြည့်အားပြည့်ချိုမြကြည်သာစွာ ရွတ်ပြနေပါလေပြီတကား။ ။

ပြီးပါပြီ။

**ဤဝတ္ထုပြီးဆုံးပါက ဆရာကြီးရွှေဥဒေါင်း၏ "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ" စာအုပ်အား ဆက်လက်ဖော်ပြပါမည်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပုသိမ်မြို့၊ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြား၊ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအားတွေ့ဆုံအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပုသိမ်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေသည် မြန်မာနိုင်ငံတစ်နိုင်ငံတွင်သာမက နိုင်ငံတကာတွင်လည်း ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့်အခြေအနေများ၊ အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံတိုင်းတွင် မိမိနိုင်ငံကို ကာကွယ်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည့်အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များနှင့်အညီ အကျုံးဝင်သူများကိုသာ စနစ်တကျရွေးချယ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ သင်တန်းမှ လေ့ကျင့်သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို လက်တွေ့စစ်မြေပြင်တွင် ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချပြီး နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်အခြေအနေများ၊ နိုင်ငံတော်အပေါ်သစ္စာရှိရန်၊ စိတ်ဓာတ်ကောင်းမွန်ရန်နှင့် ကျန်းမာကြံ့ခိုင်မှုရှိအောင်နေထိုင်သွားကြရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၆ သို့ ◆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရဲမေ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

**❖ တပ်မတော်သားအဖြစ် ခံယူထားပြီးဖြစ်သည့်သူများသည် နိုင်ငံတော်နှင့်တပ်မတော်တာဝန်များကို ၂၄ နာရီ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်၊ မိမိတစ်ဦးချင်းရရှိပိုင်ဆိုင်ထားသည့်ဂုဏ်သိက္ခာကို မကျဆင်းအောင်၊ မဆုံးရှုံးအောင် တပ်မတော်သားတစ်ဦး၏ ကျင့်ဝတ်စည်းကမ်းများကို အမြဲထိန်းသိမ်းစောင့်ရှောက်သွားရန်လို . . .**

◆ စာမျက်နှာ ၅ မှအဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် စစ်သည်များသည် နိုင်ငံတော်အလံကို မိမိလက်ဖြင့်ကိုယ်တိုင်ထိတွေ့ပြီး သစ္စာ ၄ ချက်ကို ရွတ်ဆိုထားသည့် တပ်မတော်သားများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့်တပ်မတော်အပေါ်သစ္စာစောင့်သိရန်၊ မိမိရဲဘော်ရဲဘက်များအပေါ် သစ္စာစောင့်သိရန်၊ မိမိ မိသားစုများအပေါ် သစ္စာစောင့်သိရန် လိုကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းသည် ပေးအပ်သည့်တာဝန်များအပေါ် ကျေပွန်စွာ အောင်မြင်စွာ ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိရဲဘော်များအပေါ်သစ္စာစောင့်သိခြင်းသည် ရဲဘော်စိတ်ဖြစ်သည့် ရဲဘော်အချင်းချင်းအပေါ်တွင် ထားရှိသည့် မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်ကြောင်း၊ မိသားစုအပေါ် သစ္စာစောင့်သိခြင်းမှာ မိမိကြောင့် မိမိ မိသားစုဂုဏ်သိက္ခာမကျအောင်၊ မိမိကြောင့် ပြည်သူများဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် ပြည်သူများထိခိုက်နစ်နာမှုမရှိအောင် ပြုမူဆက်ဆံနေထိုင်ခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သားအဖြစ် ခံယူထားပြီးဖြစ်သည့်သူများသည် နိုင်ငံတော်နှင့်တပ်မတော်တာဝန်များကို ၂၄ နာရီတာဝန်ထမ်းဆောင်နေကြသည့်နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတစ်ဦးချင်းရရှိပိုင်ဆိုင်ထားသည့် ဂုဏ်သိက္ခာကို မကျဆင်းအောင်၊ မဆုံးရှုံးအောင် တပ်မတော်သားတစ်ဦး၏ကျင့်ဝတ်စည်းကမ်းများကို အမြဲထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း။

တပ်မတော်သားတစ်ဦးဖြစ်သည်နှင့်အညီ ပေးအပ်လာသည့်တာဝန်များအပေါ် ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထို့ပြင် လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကိုလည်း အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်ဆိုသည့် မြဲ(၃)မြဲနှင့်အညီ အမြဲမပြတ် လေ့လာလေ့ကျင့်လိုက်နာသွားကြရန်နှင့် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းဆိုသည့် ရဲ(၃)ရဲအတိုင်း ရန်သူကိုချေမှုန်းတိုက်ခိုက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့ပြီး သင်တန်းဆင်းနိုင်ငံ့သားကောင်းများအနေဖြင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြကြောင်း၊ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းဆင်းများအနက်မှ အချိန်တိုအတွင်း နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သည့်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များရရှိခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်ရာတွေ့ရှိရကြောင်း။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်ရင်း/တပ်ဖွဲ့များတွင် ကြည့်ရှုစစ်ဆေးစဉ်။





ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် တပ်ရင်း/တပ်ဖွဲ့များတွင် ကြည့်ရှုစစ်ဆေးစဉ်။

သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာတပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာတွင်လည်း သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို လက်တွေ့အသုံးချသွားကြရန်နှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း လိုက်နာသွားကြရမည်ဖြစ်ကြောင်း၊ တာဝန်ပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ သင်ကြားတတ်မြောက်ထားသည့်စစ်ပညာများကို အပြည့်အဝအသုံးချသွားကြရန်လိုကြောင်း။

အလွှာပေါင်းစုံမှ ဝင်ရောက်တာဝန်ထမ်းဆောင်လာကြသူများဖြစ်သော်လည်း ယခုအခါ တူညီသောယူနီဖောင်းကိုဝတ်ဆင်၍ သင်တန်းကျောင်းများအလိုက် အရောင်အသွေးတူ၊ အတွေးအမြင်၊ ယုံကြည်ချက်၊ ခံယူချက်တူညီအောင် လေ့ကျင့်ပေးလိုက်ပြီဖြစ်၍ တပ်မတော်သားဘဝကို ဂုဏ်ယူစွာဖြင့်ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာထမ်းဆောင်နိုင်သော နိုင်ငံတော်နှင့်တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းရတနာများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့် သူရဲကောင်းများအဖြစ် ကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများအား ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ရဲမေ၊ မိသားစုဝင်များကို အိမ်ထောင်သည်လိုင်းခန်းများအလိုက် ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံ နှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်ခြင်းနှင့် မူကြိုကလေးငယ်များအတွက်အာဟာရဖြည့် ဖြည့်စွက်စာများတိုက်ကျွေးနိုင်ရန် ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်သည်။

အလားတူ ခရီးစဉ်တွင်လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများသည် သက်ဆိုင်ရာကွပ်ကဲမှုအလိုက် တပ်ရင်း/တပ်ဖွဲ့များသို့ လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

❑ ကျောဖုံးမှအဆက်

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင်တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက်သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)မှသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)မှ ဆုရရှိသူသင်တန်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။




နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)သင်တန်းဆင်းပွဲကျင်းပစဉ်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)မှသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။


အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်များကို စာတွေ့၊ လက်တွေ့စနစ်တကျသင်ကြားလေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေးဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့်လေ့ကျင့် သင်ကြားခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိခဲ့ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်သည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆)သင်တန်းဆင်းပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆)သင်တန်းဆင်းပွဲကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)သင်တန်းဆင်းပွဲကျင်းပစဉ်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)တွင်တက်ရောက်ခဲ့ရသည့်အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -

**စာမျက်နှာ ၈ သို့ ❑**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၏ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ






တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၇

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၏(၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်နှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ပညာရေးအဖွဲ့အစည်းအဝေးကျင်းပပြီး ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်ကာ သတ်မှတ်နေရာများတွင်နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ ဘာသာရပ်ဆိုင်ရာဌာနမှူးများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ၊ ခန္ဓာသန်စွမ်းမှုနည်းပညာ) ရရှိသူတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့်ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကိုရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ပြီး သူနာပြုပါရဂူဘွဲ့၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)၊ ဆေးဘက်ဆိုင်ရာအသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ၊ အထူးကြပ်မတ်သူနာပြုစုမှုဒီပလိုမာ၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာ၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိသူတို့အား ဘွဲ့များအပ်နှင်းပေးအပ်ခဲ့သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာ အရာရှိများ နိုင်ငံတကာအဆင့်မီအတတ်ပညာများရရှိရေးအတွက် ပြည်ပသင်တန်းများတက်ရောက်စေလွှတ်ခဲ့ရာ သူနာပြုပါရဂူဘွဲ့နှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် ၁၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်တို့တွင် ဩစတြေးလျနိုင်ငံ၊ La Trobe တက္ကသိုလ်သို့လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် ထိုင်းနိုင်ငံ Burapha University သို့လည်းကောင်း စေလွှတ်ပညာသင်ကြားစေခဲ့သည်။

အလားတူ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်မှသင်တန်းဆင်းအထက်တန်းသူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှုသင်တန်းသို့လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါအထူးကြပ်မတ်ကုသမှု သင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့သင်တန်းများသို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြုမဟာသိပ္ပံဘွဲ့သင်တန်းသို့လည်းကောင်း ပညာတော်သင်စေလွှတ်ကာတက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



❑ စာမျက်နှာ ၇ မှအဆက်

"ကျွန်တော်ရရှိတဲ့ဆုကတော့ မိုင်းအကျွမ်းကျင်ဆုံးဆုရရှိခဲ့ပါတယ်။ သင်တန်းကာလတစ်လျှောက်လုံးမှာ သင်တန်းနည်းပြတွေသင်ကြားတဲ့အတိုင်း လိုက်နာလေ့ကျင့်ခဲ့တဲ့အတွက် ရခဲ့တာဖြစ်ပါတယ်။ မိုင်းအကျွမ်းကျင်ဆုံးဆုအတွက် စာတွေ့လည်းလေ့ကျင့်ရသလို လက်တွေ့လည်း လေ့ကျင့်ရပါတယ်။ ဒီလို သေသေချာချာလေ့ကျင့်လိုက်နာခဲ့တဲ့အတွက် ဒီမိုင်းအကျွမ်းကျင်ဆုံးဆုကို ရရှိခဲ့တာဖြစ်ပါတယ်" ဟုပြောသည်။

"ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် ၆/၂၀၂၄ ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ စံပြတပ်သားဆုဖြစ်ပါတယ်။ အခုလို ဆုရရှိခဲ့အောင်လို့ ကျွန်တော်ကြိုးစားခဲ့ရတာတွေကတော့ အများကြီးပါ။ ဆရာသမားတွေရဲ့သင်ကြားပေးတဲ့ အတတ်ပညာတွေအကုန်လုံးကို ကျွန်တော်ဆည်းပူးသင်ယူတယ်။ ကျွန်တော်အားနေတဲ့အချိန်မှာလည်း လေ့လာပါတယ်။ မှတ်သားပါတယ်။ ဆရာတွေရဲ့စကားကိုလည်း တစ်သဝေမတိမ်းနားထောင်ပါတယ်။ မနက်ဆိုလည်း အစောဆုံးထပြီးတော့ ကစ်တွေဘာတွေလည်း အကောင်းဆုံးခေါက်



တယ်။ အဲ့ဒီအတွက်လည်း ကျွန်တော်စံပြတပ်သားဆုကိုရခဲ့တယ်လို့ထင်ပါတယ်။ အရပ်သားဘဝနဲ့ စစ်မှုထမ်းဘဝရဲ့ ကွာခြားချက်ကတော့ အများကြီးပါပဲ။ အရင်ကဆို ကျွန်တော် အချိန်လည်း မလေးစားတတ်ပါဘူး။ စည်းကမ်းလည်း မကောင်းခဲ့ပါဘူး။ အခုဒီရောက်လာတဲ့ အချိန်မှာ ဆရာတွေရဲ့သွန်သင်ဆုံးမမှုအောက်မှာ ကျွန်တော် အချိန်ကိုလည်း လေးစားတတ်လာသလို စည်းကမ်းလည်း အရမ်းကောင်းမွန်လာတယ်လို့ ကျွန်တော့်ကိုယ်ကျွန်တော် ထင်မြင်မိပါတယ်။ ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံအပေါ် ကျရောက်လာမယ့် ဘေးအန္တရာယ်တွေကို ကာကွယ်ချင်တဲ့စိတ်ရှိလို့ပါ။ နိုင်ငံတော်တာဝန်တွေကို ပြည်သူတစ်ယောက်အနေနဲ့ ထမ်းဆောင်ရတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။ ကျွန်တော့်နိုင်ငံအပေါ်ကို ကျွန်တော့်အသက်နဲ့ရင်းပြီး ကာကွယ်ပါ့မယ်လို့ ကျွန်တော်ခံယူချက်ထားပါတယ်"ဟုပြောသည်။

ထို့နောက်ညပိုင်းတွင်သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၀၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၀၅ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ | ၃၉၀၀ |
| 95 Ron | ၃၀၂၀ | ၃၂၃၀ | ၃၂၀၀ | ၃၁၃၅ | ၃၂၄၀ | ၃၂၅၅ | ၃၂၇၀ | ၃၁၉၀ | ၄၅၆၀ | ၃၄၈၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၈၀ | ၃၂၄၅ | ၃၂၆၅ | ၃၅၂၀ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၉၀ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၄၀ | ၃၉၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၅ | ၃၃၃၀ | ၄၈၃၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၅ | ၃၃၃၀ | - | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | - |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၃၉ | ၂၉၂၉ |
| 95 Ron | ၂၉၄၆ | ၃၀၃၈ |
| HSD (500 ppm) | ၂၄၇၈ | ၂၅၅၇ |
| HSD (50 ppm) | ၃၀၈၃ | ၃၁၇၄ |
| HSD (10 ppm) | ၃၀၈၃ | ၃၁၇၄ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## ကလေးခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲပုပ် ၆၄၉၂ ဧက စိုက်ပျိုးပြီးစီး၊ အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးခြင်းဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်



ကလေး ဒီဇင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲပုပ် ၆၄၉၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ယခု၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကလေးခရိုင်၌ ပဲပုပ် ၁၁၁၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ကလေးမြို့နယ်၌ ၅၄၃၂ ဧက၊ ကလေးဝမြို့နယ်၌ ၁၆၅ ဧကနှင့် မင်းကင်းမြို့နယ်၌ ၈၉၅ ဧက စုစုပေါင်း ၆၄၉၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန် ကလေးခရိုင်မှာ ပဲပုပ်သီးနှံ ၁၁၀၀၀ ကျော်ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပိုးမွှားကျရောက်မှုမရှိစေရေးအတွက် ပညာပေးတာတွေလည်း ဆောင်ရွက်သွားမယ်။ လိုအပ်တဲ့ မျိုးစေ့ရရှိဖို့နဲ့ တောင်သူတွေသိရှိနိုင်ဖို့အတွက် နှိုးဆော်ထားပြီးလည်းဖြစ်ပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကပြောသည်။

ယခု၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကလေးခရိုင်၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်၌ ၈၉၇၉ ဧက၊ ကလေးဝမြို့နယ်၌ ၂၆၀ ဧကနှင့် မင်းကင်းမြို့နယ်၌ ၁၉၅၆ ဧက စုစုပေါင်း ၁၁၁၉၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပေါ်တိုင် အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်းမြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ကလေးခရိုင်၌ ပဲပုပ်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၂-၂၀၂၄ (စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၀၀ မေတ္တာပို့
၃။ ၀၇:၁၀ ဓမ္မပူဇာတေး
၄။ ၀၇:၂၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၀၇:၃၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၆။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၇။ ၀၈:၂၀ မောင်မယ်လေးများသိစေချင်
၈။ ၀၉:၂၀ လူတိုင်းကျန်းမာသိမှတ်စရာ
၉။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း
၁၀။ ၁၀:၄၅ လူသားတို့နှင့်ဆိုက်ဘာအန္တရာယ်
၁၁။ ၁၁:၂၀ ပြည်သူ့ကြားကပြည်သူ့စကား
၁၂။ ၁၂:၃၀ တစ်ပတ်အတွင်းအားကစားသတင်း
၁၃။ ၁၃:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၄။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၁၅။ ၁၆:၀၀ နိုင်ငံတကာသတင်း
၁၆။ ၁၇:၀၀ အင်္ဂလိပ်စာသုတ
၁၇။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း တစ်ဦးတည်းသောသား(ဒုတိယပိုင်း) သရုပ်ဆောင် ရဲအောင်၊ စိုးမြတ်သူဇာ ဒါရိုက်တာ အောင်မြင့်မြတ်**

သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲ ဂုဏ်ပြုကဗျာ

## ကျွမ်းကျင်ကူညီ ဆေးစစ်သည်

* ကရုဏာ အကြင်နာလက်နဲ့
ညင်သာညက် အပြောအဆို
မျက်နှာကချို
မျက်ဝန်းက ရွှန်းရွှန်းစို
ချိုလွင်လို့ယဉ်ကျေး။
တပ်မတော် ဆေးဝန်ထမ်းတွေရဲ့
စွမ်းရည်ကမွေး။
* တပ်မတော် ဆေးဝန်ထမ်း
ကြိုးပမ်းတဲ့ စေတနာ၊
ဘီအိုင်အေ ချီရာလမ်း
လှမ်းချီလိုက်ပါ၊
ဖြတ်ကျော်လွှားနေတဲ့
တပ်မတော်သားတွေနဲ့ အတူယှဉ်ကာ
ပါဝင်ကာ လုပ်အားပေး။
အနာတရရယ်နဲ့
ဒဏ်ရာရ လူနာတို့
ကူညီကာ ဆေးကုသ
ယုယပိုက်ထွေး။
* ဆေးပညာ ကျွမ်းကျင်ပွားဖို့
ကြိုးစားလို့သင်ယူကာ၊
ဆေးစစ်သည် မောင်မယ်များ
မှတ်သားလိုက်နာ၊
သူနာပြုနှင့် ဆေးဘက်ပညာ
လေ့လာလို့ ကုန်နိုင်ဘူး။
ဆေးပညာ နည်းနာများကို
အားစိုက်ဆည်းပူး။
* ဆေးပညာ စွမ်းရည်အပြည့်နဲ့
လှမ်းချီမည့် မောင်မယ်တွေ၊
ဆေးစစ်သည် စစ်ချီတေးနဲ့
ဟစ်ကြွေးလို့နေ၊
မြူးကြွတဲ့ အောင်သံဝေ
အောင်လံတွေ လွှင့်ထူထား။
လူတိုင်းအသက်ရှည် ကျန်းမာရေးရယ်နဲ့
နိုင်ငံတော် စည်သာအေးရအောင်
နယ်လှည့်ကာ ကုသပေးနေတဲ့
ဆေးစစ်သည်များ။ ။

ရေနံ့သာမောင်ကျော်ညွန့်

# နိုင်ငံတော်နှင့်တပ်မတော်အတွက် အားသစ်လောင်းမည့် ကျွမ်းကျင်ကူညီဆေးစစ်သည်တို့၏စကားသံများ

**နိုင်ငံတော်နှင့် တပ်မတော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် တပ်မတော်သူနာပြုများ၊ ဆေးဘက်ပညာသည်များနှင့် ဆေးဝါးကျွမ်းကျင်သူများကို တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၂၂) နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ဒီဇင်ဘာလ ၂၇ ရက်တွင် ကျင်းပရာ အဆိုပါသင်တန်းဆင်းပွဲ၌ သင်တန်းနည်းပြအရာရှိကြီးများနှင့် ကျွမ်းကျင်ကူညီဆေးစစ်သည်တို့၏စကားသံများကို ဖော်ပြလိုက်ပါသည်။**



ဗိုလ်မှူးကြီးမေခင်သိန်း
(ပါမောက္ခချုပ်)



ဒုတိယဗိုလ်မှူးကြီးကျော်စွာထွန်း
(ယာယီနည်းပြအရာရှိချုပ်)

### ဗိုလ်မှူးကြီးမေခင်သိန်း (ပါမောက္ခချုပ်)

သင်တန်းကာလ လေးနှစ်တာသတ်မှတ်ထားပြီး စာပေပို့ချမှုအပိုင်းအနေနဲ့ ပထမနှစ်ကတည်းက သင်တန်းသား၊ သင်တန်းသူတွေရဲ့ဆန္ဒပြုချက်နဲ့ တက္ကသိုလ်ဝင်တန်းရမှတ်တွေပေါ်မူတည်ပြီး သူနာပြု၊ ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာနည်းပညာ သင်တန်းတွေခွဲခြားပြီး သက်ဆိုင်ရာ အထူးပြုဘာသာရပ်တွေကို အခြေခံကစပြီး သင်ကြားပို့ချပေးပါတယ်။ စာတွေ့လက်တွေ့သင်ခန်းစာတွေကို ကျောင်းတွင်းမှာ သင်ကြားပေးပါတယ်။ ဆေးရုံလက်တွေ့ကွင်းဆင်းဆောင်ရွက်တာတွေကိုလည်း ရန်ကုန်မြို့မှာရှိတဲ့တပ်မတော်ဆေးရုံကြီးတွေမှာ အဓိကလေ့ကျင့်သင်ကြားစေပါတယ်။ ဒါ့ပြင် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဆေးရုံတွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတွေ၊ မသန်စွမ်းဆေးရုံတွေ၊ ဆေးဝါးစက်ရုံ၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ (သမိုင်း) တို့မှာလည်း လက်တွေ့သင်ခန်းစာတွေ လေ့လာသင်ကြားစေပါတယ်။

ဒါ့ပြင် လက်ရှိ မိမိတို့တက္ကသိုလ်မှာရှိတဲ့ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသားတွေအနေနဲ့ သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ခန်းစာတွေကို ခေတ်နဲ့လျော်ညီစွာ သင်ကြားသင်ယူပြီး အရည်အချင်းပြည့်ဝတဲ့သူတွေ မွေးထုတ်ပေးနိုင်ဖို့ သင်ကြားရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် Learning Management System (LMS) စနစ်ကို Moodle ဖြင့် လက်တွေ့သင်ကြားအသုံးပြုခြင်းကို စတင်အကောင်အထည်ဖော်လျက်ရှိပါတယ်။ LMS ဆိုတာကတော့ သင်ခန်းစာတွေကို ဒစ်ဂျစ်တယ်ပုံစံနဲ့ Server မှာ သိမ်းဆည်းထားပြီး လိုအပ်တဲ့အခါ အချိန်မရွေး၊ နေရာမရွေးဝင်ရောက်ရယူအသုံးပြုနိုင်တဲ့ စနစ်တစ်ခုဖြစ်ပါတယ်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကနေ မွေးထုတ်ပေးလိုက်တဲ့ သူနာပြုတွေ၊ ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူတွေအနေနဲ့ နယ်ပယ်အသီးသီးမှာ ကျရာနေရာကနေ မိမိရဲ့တတ်ကျွမ်းတဲ့ပညာရပ်နဲ့ နိုင်ငံတော်၊ ပြည်သူနဲ့တပ်မတော်အပေါ် တာဝန်ကျေပွန်တဲ့ ဆေးဝန်ထမ်းကောင်းတွေဖြစ်အောင် ကြိုးစားကြပါလို့ မှာချင်ပါတယ်။

### ဒုတိယဗိုလ်မှူးကြီးကျော်စွာထွန်း (ယာယီနည်းပြအရာရှိချုပ်)

သင်တန်းသား၊ သင်တန်းသူတွေကို အမိန့်နာခံတတ်မှုရှိအောင်၊ စည်းကမ်းနဲ့အကျင့်စာရိတ္တ ကောင်းမွန်မှုရှိအောင် အခြေခံစစ်ရေးပြဘာသာရပ်ကို ဦးစွာလေ့ကျင့်သင်ကြားပေးပါတယ်။ အဲဒီနောက် အချင်းချင်းစည်းလုံးညီညွတ်ဖို့နဲ့ တပ်ဖွဲ့စိတ်ရှိဖို့အတွက် အဖွဲ့လိုက်လုပ်ဆောင်ရတဲ့ စစ်ပညာဘာသာရပ်တွေကို သင်ကြားလေ့ကျင့်ပေးပါတယ်။ စစ်ပညာဘာသာရပ်တွေ လက်တွေ့လုပ်ဆောင်တဲ့အခါမှာ တစ်ဦးတစ်ယောက်ကောင်းရုံနဲ့မရဘဲ အဖွဲ့လိုက်စည်းလုံးညီညွတ်မှုရှိမှ အောင်မြင်မှာဖြစ်ပါတယ်။ ဒါ့ပြင် စည်းကမ်း၊ အကျင့်စာရိတ္တနဲ့ပတ်သက်ပြီး အိပ်ဆောင်စည်းကမ်း၊ သွားလာမှုစည်းကမ်း၊ စာသင်ခန်းစည်းကမ်းစတဲ့ အထွေထွေစည်းကမ်းတွေကိုလည်း လိုက်နာတတ်အောင် လေ့ကျင့်ပျိုးထောင်ပေးပါတယ်။

သင်တန်းကာလလေးနှစ်လုံး ကျောင်းအုပ်ကြီးအပါအဝင် နည်းပြအရာရှိအားလုံးက စာပေပညာ၊ စစ်ပညာရပ်တွေ သင်ကြားလေ့ကျင့်ပေးသလို တစ်ဖက်ကလည်း သင်တန်းသား၊ သင်တန်းသူတွေ ခံယူချက်မှန်ကန်အောင်၊ စိတ်ဓာတ်ကောင်းအောင် အမြဲသွန်သင်ဆုံးမပေးပါတယ်။

သင်တန်းသား၊ သင်တန်းသူတွေအနေနဲ့ အခုချိန်ကစပြီး နိုင်ငံတော်ကပေးအပ်တဲ့တာဝန်တွေကို ထမ်းဆောင်ရတော့မှာဖြစ်တဲ့အတွက် ဆရာတစ်ယောက်အနေနဲ့ ဂုဏ်ယူပီတိဖြစ်ရပါတယ်။

### သင်တန်းသူ ဆုမြတ်ရတနာ (အကောင်းဆုံးသင်တန်းသူဆု)

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေ၊ သူတို့ မိသားစုဝင်တွေအပြင် တိုင်းရင်းသားပြည်သူလူထုကို ကျွန်မလေ့လာသင်ယူထားတဲ့ပညာနဲ့ အလုပ်အကျွေးပြုချင်လို့ ဒီသင်တန်းကို တက်ရောက်တာပါ။ သင်တန်းလေးနှစ်တာကာလအတွင်းမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ သင်တန်းကချမှတ်ထားတဲ့စည်းကမ်းတွေကိုလိုက်နာပြီး တွေ့ကြုံလာတဲ့အခက်အခဲမှန်သမျှကို ရင်ဆိုင်ဖြေရှင်းခဲ့ပါတယ်။ စာပေပိုင်းမှာဆိုရင်လည်း ထူးချွန်အောင်ကြိုးစားခဲ့ရသလို လေ့ကျင့်ရေးပိုင်းမှာလည်း စည်းကမ်းလိုက်နာပြီး အမိန့်နာခံတတ်မှုရှိအောင် ကြိုးစားလေ့ကျင့်ခဲ့ပါ



သင်တန်းသူ ဆုမြတ်ရတနာ
(အကောင်းဆုံးသင်တန်းသူဆု)



သင်တန်းသူ စုပုံချစ်
(လေ့ကျင့်ရေးထူးချွန်ဆု)



သင်တန်းသူ ရွှေစင်မင်းထွန်း
(စာပေထူးချွန်ဆု)

တယ်။ ကျောင်းကချမှတ်ထားတဲ့စစ်စည်းကမ်း၊ သင်တန်းစည်းကမ်းတွေကို လိုက်နာပြီး စာပေနဲ့လေ့ကျင့်ရေးမှာ ကြိုးစားခဲ့လို့ အကောင်းဆုံးသင်တန်းသူဆုကို ရရှိခဲ့တာပါ။

မိမိတတ်မြောက်ထားတဲ့ ဆေးဝါးဖော်စပ်မှုပညာ၊ ဆေးဝါးများ မှန်ကန်စွာအသုံးပြုရေး၊ ဆေးဝါးအသစ်များတီထွင်ထုတ်လုပ်ရေးတွေမှာ ကြိုးစားလေ့လာဆောင်ရွက်သွားပါမယ်။ ကျောင်းကသင်ကြားပေးလိုက်တဲ့ ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ အခြေခံကောင်းတွေကို မှန်ကန်စွာအသုံးချပြီး သုတေသနပြုရှာဖွေထုတ်လုပ်ပြီး ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် ဆောင်ရွက်သွားပါမယ်လို့ ကတိပြုပါတယ်။

### သင်တန်းသူ စုပုံချစ် (လေ့ကျင့်ရေးထူးချွန်ဆု)

သင်တန်းလေးနှစ်တာကာလမှာ အခုလို မြန်မာနိုင်ငံအနှံ့အပြားက တိုင်းရင်းသားပေါင်းစုံညီအစ်မတွေနဲ့ တွေ့ဆုံခဲ့ရတဲ့အတွက်ကြောင့် ဒေသအသီးသီးရဲ့မတူညီတဲ့ဘာသာစကားတွေ၊ ယဉ်ကျေးမှုတွေကို လေ့လာသိရှိခွင့်ရခဲ့ပါတယ်။ ဒါ့ပြင် သင်တန်းကာလတစ်လျှောက်လုံးမှာလည်း အေးအတူပူအမျှ အခက်အခဲပေါင်းစုံကို အတူတူကျော်ဖြတ်ခဲ့ရတဲ့အတွက်လည်း သိပ်ကိုပျော်ရွှင်ခဲ့ရပါတယ်။

သင်တန်းလေးနှစ်တာကာလမှာ တွေ့ကြုံခဲ့ရတဲ့အခက်အခဲတွေက အများကြီးပါပဲ။ သင်တန်းကာလအစပိုင်းမှာတွေ့ကြုံရတဲ့ ပထမဆုံးစိန်ခေါ်မှုက Under Training ကာလလေ့ကျင့်မှုတွေပဲဖြစ်ပါတယ်။ သင်တန်းကာလ အချိန်ကြာလာတာနဲ့အမျှ နေသားတကျရှိလာတဲ့အတွက် အခက်အခဲမရှိတော့ဘဲ အားလုံးကို လွယ်လွယ်ကူကူနဲ့ ဖြတ်ကျော်နိုင်ခဲ့ပါတယ်။

ကျောင်းကချမှတ်ထားတဲ့ ညွှန်ကြားချက်တွေ၊ သင်တန်းကချမှတ်ထားတဲ့ စည်းကမ်းတွေကို ပထမနှစ်မှာကတည်းက တိတိကျကျလိုက်နာဆောင်ရွက်ခဲ့ပါတယ်။ နည်းပြဆရာတွေ သင်ကြားပြသပေးခဲ့တဲ့ စစ်ရေးပြ၊ လက်နက်သင်နဲ့စစ်နည်းဗျူဟာဘာသာရပ်တွေကို ဂရုတစိုက်နားထောင်ပါတယ်။ စာတွေ့နဲ့ပေါင်းစပ်သင်ကြားတဲ့ လက်တွေ့လေ့ကျင့်ခန်းတွေမှာလည်း ဆရာတွေပြောတဲ့အတိုင်း လိုက်ပါလုပ်ဆောင်ခဲ့ပါတယ်။ ဆရာတွေရဲ့ ဆုံးမပဲ့ပြင်ပေးတဲ့အတိုင်း နောက်လိုက်ကောင်းပီသစွာ ပြုမူကျင့်ကြံပြီး စည်းကမ်းတွေကိုလည်း တိကျစွာလိုက်နာခဲ့လို့ လေ့ကျင့်ရေးထူးချွန်ဆုကို ရရှိရတာလို့ ထင်ပါတယ်။

### သင်တန်းသူ ရွှေစင်မင်းထွန်း (စာပေထူးချွန်ဆု)

ပထမနှစ်ကတည်းက သင်ကြားပို့ချလိုက်တဲ့ဘာသာရပ်တိုင်းကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာကျက်မှတ်ပြီး သင်ခန်းစာတိုင်းကို နားလည်အောင် လေ့လာခဲ့ပါတယ်။ စာပေဘာသာရပ်တွေကို သင်ကြားတဲ့အချိန်မှာ ဂရုတစိုက်နားထောင်ပြီး သင်တန်းဆောင်ရောက်တဲ့အချိန်မှာ ပြန်လည်လေ့ကျင့်ခဲ့ပါတယ်။ Tutorial တွေကစလို့ Test တွေမှာပါ မကျန် ဂရုတစိုက်ကြိုးစားဖြေဆိုပါတယ်။ ဘာသာရပ်တွေကို လေ့လာကျက်မှတ်တဲ့အခါမှာ Timetable ဆွဲပြီး အချိန်ကိုခွဲဝေအသုံးပြုပါတယ်။

စာပေပညာရပ်တွေကို သင်ကြားတဲ့အခါ ကျွန်မတို့အမှတ်စဉ်က သင်ရိုးညွှန်းတမ်းအသစ်နဲ့ လေ့ကျင့်သင်ကြားခဲ့ရတာဖြစ်ပါတယ်။ ယခင်သင်ရိုးညွှန်းတမ်းကတော့ ပထမနှစ်မှာ အခြေခံသိပ္ပံဘာသာရပ်တွေနဲ့ ဆေးပညာအထောက်အကူပြုဘာသာရပ်တွေသင်ကြားပေးခဲ့ပြီး ဒုတိယနှစ်ရောက်မှ အထူးပြုဘာသာရပ်တွေ ခွဲခြားသင်ကြားပေးတာပါ။ ကျွန်မတို့အမှတ်စဉ်မှာတော့ ပထမနှစ်ကတည်းက အထူးပြုဘာသာရပ်တွေကို ခွဲခြားသင်ကြားပေးပါတယ်။ သင်ကြားမှုနည်းစနစ်တွေမှာလည်း ပထမနှစ်နဲ့ဒုတိယနှစ်မှာ ဆရာကဦးဆောင်သင်ကြားတဲ့ ကျောင်းသားလေ့လာမှုစနစ်နဲ့ သင်ယူခဲ့ရပြီး တတိယနှစ်နဲ့စတုတ္ထနှစ်မှာတော့ ကျောင်းသားကိုယ်တိုင်လေ့လာသင်ယူမှုစနစ်နဲ့ မရှင်းလင်းတဲ့သင်ခန်းစာတွေကို ကိုယ်ပိုင်အချိန်မှာ ပြန်လေ့လာနိုင်သလို သင်ခန်းစာမစမီကတည်းက ကြိုတင်လေ့လာထားနိုင်တဲ့ Lecture Video တွေနဲ့ LMS လို့ခေါ်တဲ့ Learning Management System တွေကြောင့် လေ့လာသင်ယူရတာ ပိုပြီးလွယ်ကူစေခဲ့ပါတယ်။

အခုတတ်မြောက်လာတဲ့ဆေးပညာရပ်တွေကနေတစ်ဆင့် ဖွံ့ဖြိုးတိုးတက်လာတဲ့ ကျန်းမာရေးအဖွဲ့အစည်းဖြစ်အောင် ဝိုင်းဝန်း တည်ဆောက်ကြတဲ့နေရာမှာ အထောက်အကူပြုနိုင်တဲ့ သုတေသနလုပ်ငန်းတွေဖြစ်တဲ့ လေ့ကျင့်ခန်းနဲ့ လှုပ်ရှားသွားလာမှု၊ အာရုံစိုက်မှုနည်းပညာ၊ နာကျင်မှုကိုဖြေရှင်းခြင်းနည်းလမ်းတွေနဲ့ နည်းပညာအသစ်တွေကို ဖန်တီးလုပ်ဆောင်သွားပါမယ်။

**သတင်းအဖွဲ့ (ရန်ကုန်)**

# ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ပြုစုကုသရေး၊ ရောဂါရှာဖွေရေး၊ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးမြှင့်တင်ပေးရေးနှင့် ပြန်လည်သန်စွမ်းရေးဆိုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များကို နိုင်ငံ့သားကောင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များပီပီ ကျောသား၊ ရင်သားမခွဲခြားဘဲ စိတ်ရင်းစေတနာမှန်နှင့် ဆောင်ရွက်ပေးသွားကြရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**❍ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရသည့် တပ်မတော်သားများသည် ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန်အထူးလိုအပ်၊ ယနေ့အချိန်အခါတွင် တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေရန်ရည်ရွယ်ပြီး ပြည်တွင်း၊ ပြည်ပ အဖျက်သမားအင်အားစုများသည် နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ တပ်မတော်သားများအနေဖြင့် ကျောချင်းကပ် ရင်ချင်းအပ်သည့်စည်းလုံးညီညွတ်မှုရှိရေးသည် အသက်တမျှအရေးကြီး၊ တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး အကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များတူမည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်ဖြစ် . . .**

■ **စာမျက်နှာ ၁၇ မှအဆက်**

သင်တန်းသူ ရွှေစင်မင်းထွန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီး သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံတွဲ့သင်တန်းအမှတ်စဉ်(၉)တို့၏သင်တန်းဆင်းသည့်နေ့ဖြစ်ပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မျိုးဆက်သစ်များထပ်မံမွေးထုတ်ပေးလိုက်သည့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ နေ့တစ်နေ့လည်းဖြစ်ကြောင်း။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် **“ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်”** ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ သူနာပြုများနှင့် ဆေးဘက်ပညာသည်များကို စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့် မွေးထုတ်ပေးလျက်ရှိကြောင်း။

ထိုသို့ သင်ကြားလေ့ကျင့်မွေးထုတ်ပေးရာတွင် ယနေ့အချိန်ထိ သူနာပြုသိပ္ပံတွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံတွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံတွဲ့၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ သူနာပြုမဟာသိပ္ပံတွဲ့၊ ဆေးဝါးမဟာသိပ္ပံတွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံတွဲ့၊ သူနာပြုပါရဂူဘွဲ့၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာပါရဂူဘွဲ့ ရရှိသူ စုစုပေါင်း ၅၅၇၃ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

အမိတက္ကသိုလ်က လေ့ကျင့်သင်ကြားမွေးထုတ်ပေးလိုက်သည့် သူနာပြုများနှင့် ဆေးဘက်ပညာသည်များသည် လက်တွေ့နယ်ပယ်ဖြစ်သည့် တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းတပ်ဖွဲ့များတွင် သက်ဆိုင်ရာဆေးဘက်ပညာရပ်များကို ထိရောက်စွာအသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအဖြစ် ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကိုမဆို သူနာပြုကျင့်ဝတ်များနှင့်အညီ **စာမျက်နှာ ၁၂ သို့** ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သင်တန်းဆင်းသူနာပြုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များက သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကိုအတူတကွသုံးဆောင်ကြစဉ်။

ခြင်းကြောင့် သူနာပြုတက္ကသိုလ် (Defence Services Institute of Nursing)ကို ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသားသူနာပြုသိပ္ပံဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း။

တပ်မတော်သားများ၊ မှီခိုသူမိသားစုဝင်များနှင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆရာဝန်များ၊ သူနာပြုများသာမက ဆေးဝါးဖော်စပ်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့အတွက် ဆေးဘက်ပညာသည်များ၏ အခန်းကဏ္ဍကလည်း အရေးပါလာခြင်းကြောင့် ၂၀၀၂ ခုနှစ်တွင် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် (Military Institute of Nursing and Paramedical Sciences) အဖြစ် ပြောင်းလဲတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ထို့ပြင် အမျိုးသမီးသူနာပြုများမွေးထုတ်ပေးနိုင်ရေးအတွက် အမျိုးသမီးသူနာပြု သိပ္ပံဘွဲ့ တက္ကသိုလ်သည် စတင်ဖွင့်လှစ်စဉ်ကပင် ယနေ့ထိတိုင်အောင် ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရမည်ပင်ဖြစ်ကြောင်း။

**"စေတနာ အကြင်နာ ဘေးကင်းကွာ"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သူနာပြုများအနေဖြင့် လူနာများကို ပြုစုစောင့်ရှောက်မှုပေးရာတွင် အကြင်နာတရားအပြည့်အဝထားရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် သာမန်တာဝန် ထမ်းဆောင်နေမှုဆိုသည်ထက် သူနာပြုစုမှုအတတ်ပညာနှင့်ပေါင်းစပ်ပြီး မိမိတို့ထံတွင် အခြေခံရှိပြီးသားဖြစ်သည့် ကြင်နာမှုစိတ်ဓာတ်ကို ပိုမိုရင့်ကျက်ခိုင်မာစေရန် လေ့ကျင့်မွေးမြူသွားကြရမည်ဖြစ်ကြောင်း။

လူနာများအတွက် ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော ထူးချွန်ထက်မြက်သည့် သူနာပြု

**❍ မိမိတို့တာဝန်ကျရာ နယ်မြေအသီးသီးကိုရောက်ရှိချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းစဉ်များဆောင်ရွက်သည့်အခါ မိမိတို့တာဝန်ထမ်းဆောင်ရမည့် နယ်မြေအလိုက်ဒေသ၏ အခြေအနေ၊ ဒေသဆိုင်ရာအချက်အလက်များကို အသေးစိတ်သိရှိထားရန်လိုအပ်၊ နယ်မြေခံတပ်ဖွဲ့များနှင့် ဒေသခံများတစ်သားတည်းဖြစ်အောင် စည်းရုံးဆောင်ရွက်ပြီး အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလို . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များက တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။

■ **စာမျက်နှာ ၁၁ မှအဆက်**

ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းကိုလည်း အသိအမှတ်ပြုပြောကြားလိုကြောင်း။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တည်ထောင်ခဲ့သည်မှာ လာမည့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ၂၅ နှစ်ပြည့်မြောက်ပြီး ငွေရတုနှစ်ပတ်လည်တိုင်တော့မည်ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ အဓိကအင်အားစုကြီးဖြစ်သည့် သူနာပြုတပ်ဖွဲ့ဝင်များသည် စစ်ပညာတတ်မြောက်ပြီး ဆင့်ကဲဆင့်ကဲ ရာထူးတာဝန်များကို ထမ်းဆောင်နိုင်ရန် လိုအပ်သင်တန်းများကို ၂၀၁၄ ခုနှစ်တွင် တိုးချဲ့ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာကောင်း တစ်ဦးဖြစ်လာစေရန်အတွက် ကိုယ်ပိုင်အရည်အချင်းများနှင့် သက်မွေးလုပ်ငန်းဆိုင်ရာ **စာမျက်နှာ ၁၃ သို့** ■






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များက ကျောင်းဆင်းသူနာပြုများနှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

■ စာမျက်နှာ ၁၂ မှအဆက်

ကျွမ်းကျင်မှုအရည်အချင်းများဆိုသည့် အင်္ဂါရပ်နှစ်ခုနှင့်ပြည့်စုံနေရန်လည်း လိုအပ်ကြောင်း၊ စာနာမှုနှင့် ကရုဏာတရားရှိမှု၊ စိတ်ရှည်သည်းခံနိုင်မှု၊ လိုက်လျောညီထွေရှိပြီး ပြောင်းလွယ်ပြင်လွယ်နိုင်မှု၊ ထိရောက်စွာ ပြောဆိုဆက်ဆံနိုင်မှုနှင့် လူနာများ၏စိတ်ဖိစီးမှုကို ကောင်းမွန်ကျွမ်းကျင်စွာကိုင်တွယ်ဖြေရှင်းနိုင်မှုစသည့် သူနာပြုကောင်းတစ်ဦး၏ ရှိသင့်ရှိအပ်သည့် ကိုယ်ရည်ကိုယ်သွေးများ ပြည့်စုံနေရန် ကြိုးစားလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ လူနှင့်တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်နှင့်အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန်အတွက် အသုံးပြုသည့်ပစ္စည်းကို ဆေးဝါးအဖြစ် သတ်မှတ်ခဲ့ကြကြောင်း၊ ဘေးကင်းသော၊ အာနိသင်ရှိသော၊ အရည်အသွေးပြည့်မီသော ဆေးဝါးများ ဖော်စပ်ရေး၊ ထုတ်လုပ်ရေး၊ သိုလှောင်သိမ်းဆည်းရေးနှင့်ပြည်သူလူထုထံသို့ ဖြန့်ဝေရေးစသည့်လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင်ထမ်းဆောင်နိုင်ရန်အတွက် ဆေးဝါးကျွမ်းကျင်သူများကိုလည်း သင်ကြားလေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာတွင် ပရဆေးဗေဒ၊ ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ၊ ဆေးဝါးဖော်စပ်ရေး၊ ဆေးဝါးဗေဒ၊ ဆေးဝါးဘက်ဆိုင်ရာဓာတ်ခွဲစမ်းသပ်ခြင်း ဘာသာရပ်များကို အဓိကသင်ကြားပေးလျက်ရှိကြောင်း။

ခေတ်မီဆန်းသစ်သည့် အနောက်တိုင်းဆေးဝါးများနှင့်ပတ်သက်သည့် ပညာရပ်များကိုလည်း ဆည်းပူးသင်ကြားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် တိုင်းရင်းဆေးကဏ္ဍကိုလည်း ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုများတွင်တိုင်းရင်းဆေးပညာနှင့်ပါဝင်အားဖြည့်နိုင်ရန်အလေးထားဆောင်ရွက်လျက်ရှိခြင်းကြောင့် လေ့လာသင်ယူရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့်ပြည်တွင်းတွင်ပါ အသုံးတွင်ကျယ်လာသည့် ဆေးဖက်ဝင်နွယ်မြက်သစ်ပင်တို့အကြောင်း (Herbal Medicine)ကိုလည်း မျက်ခြည်မပြတ် ဆည်းပူးလေ့လာပြီး တိုင်းရင်းဆေးပညာရှင်များနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆေးဝါးကျွမ်းကျင်သူများအနေဖြင့် ဆေးဝါးဖော်စပ်သည့်ပညာ၊ ဆေးဝါးများ မှန်ကန်စွာအသုံးပြုရေး၊ ဆေးဝါးများအရည်အသွေး ပြည့်မီမှု ရှိ/မရှိ စစ်ဆေးစမ်းသပ်ရေး၊ ဆေးဝါးအသစ်များ တီထွင်ထုတ်လုပ်ရေး၊ တပ်မတော်သားများ၊ မိသားစုဝင်များနှင့်ပြည်သူလူထုတို့ ဆေးဝါးလုံလောက်စွာ ရရှိရေး၊ သုံးစွဲသူလက်ဝယ်သို့ ဆေးဝါးများ မှန်ကန်စွာရောက်ရှိရေး၊ ဆေးဝါးများမပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရေးစသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ရသူများအနေဖြင့် မိမိတို့တတ်ကျွမ်းနားလည်ထားသည့် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာအခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာအသုံးချပြီး ပြည်သူလူထုအတွက် တတ်စွမ်းနိုင်သည့်ဘက်မှ ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် အခြားဆေးဘက်ပညာသည်များဖြစ်သည့် ဓာတ်ခွဲကျွမ်းကျင်သူများ၊ ဓာတ်မှန်ပုံရိပ်ဖော်ကျွမ်းကျင်သူများ၊ ခန္ဓာသန်စွမ်းမှုလေ့ကျင့်ပေးရေး ကျွမ်းကျင်သူများ အနေဖြင့်လည်း မိမိတို့ အထူးပြုကျွမ်းကျင်ပညာရပ်များအလိုက် လူနာများအပေါ် ကုသမှုပေးရာတွင် မှန်ကန်ထိရောက်မှုရှိသည့် စစ်ဆေးဖော်ထုတ်မှုများနှင့် ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေးပြုစုစောင့်ရှောက်ကုသမှုများပေးနိုင်ရန်အတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည်ဖြစ်ကြောင်း၊ မိမိတို့တတ်ကျွမ်းထားသည့် အထူးပြုပညာရပ်အလိုက် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရမည့်အပြင် လူနာများ၏ကောင်းကျိုးအတွက် အခြားသောဆေးပညာရပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြီးပြည့်စုံသည့် ပြုစုကုသမှုများ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ပြုစုကုသရေး၊ ရောဂါရှာဖွေရေး၊ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးမြှင့်တင်ပေးရေးနှင့် ပြန်လည်သန်စွမ်းရေးဆိုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များကို နိုင်ငံ့သားကောင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များပီပီ ကျောသား၊ ရင်သားမခွဲခြားဘဲ စိတ်ရင်းစေတနာမှန်နှင့် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းကြောင်းတစ်လျှောက်တွင်သူနာပြုနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည်ပြုစုကုသစောင့်ရှောက်ရေးနှင့် စစ်မြေပြင်ဆေးအကာအကွယ်ပေးရေးတာဝန်များကို ကိုယ်ရောစိတ်ပါ စွမ်းစွမ်းတမံ ထမ်းရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန်များကို ရဲစွမ်းသတ္တိအပြည့်နှင့် သစ္စာရှိရှိ၊ တာဝန်သိသိ ကျေပွန်စွာထမ်းဆောင်ခဲ့ကြသဖြင့် စစ်ဘက်စွမ်းရည်ဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်ခံရခြင်း၊ စစ်မြေပြင်ရာထူးတိုးခြင်းနှင့် အဆင့်တိုးမြှင့်ခြင်းများကိုလည်း ထိုက်ထိုက်တန်တန် ရရှိခဲ့ကြသည့်အတွက် အမိတက္ကသိုလ်နှင့် လေ့ကျင့်သင်ကြားပေးလိုက်သည့် နည်းပြများအတွက်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ထိုသို့စွမ်းဆောင်နိုင်မှုများကို လေးစားအားကျဂုဏ်ယူစိတ်နှင့် မိမိတို့ကိုယ်တိုင်လည်း ကြိုးစားကြရမည်ဖြစ်သကဲ့သို့ အစဉ်အလာကောင်းများကိုထိန်းသိမ်းပြီး အမိကျောင်းတော်ကြီး၏ ဂုဏ်ကိုမြှင့်တင်ပေးနိုင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် စစ်သည်တော်ကောင်းများဖြစ်အောင်ပြုမူကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားများ ဖြစ်သည်နှင့်အညီ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အသက်ပေးကာကွယ်စောင့်ရှောက်ကြရသည့်သူများဖြစ်ခြင်းကြောင့် အချင်းချင်းနှင့် အထက်အောက် သစ္စာစောင့်သိမှုသာလျှင် အပြန်အလှန် ယုံကြည်မှုကို တည်ဆောက်ရယူနိုင်မှာဖြစ်ပြီး လုပ်ငန်းကိစ္စအဝဝကိုအောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တော်ကျင့်ဝတ်အပါးခြောက်ဆယ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် စောင့်ထိန်းလိုက်နာပြီး ကျင့်ဝတ်စည်းကမ်းအရာတွင် စံနမူနာပြဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း။

သူနာပြုတပ်ဖွဲ့ဝင်များနှင့် ဆေးဘက်ပညာသည်များသည် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍက ပါဝင်နေသည်ဖြစ်၍ မိမိတို့သက်ဆိုင်ရာဆေးဘက်ပညာရပ်နယ်ပယ်အလိုက် အစဉ်တိုးတက် အရည်အချင်းပြည့်ဝအောင် ကြိုးစားလုပ်ဆောင်သွားကြရန်လိုအပ်သလို သူနာပြုအမိဋ္ဌာန်ကတိသစ္စာ ၉ ချက်ကိုလည်း အလေးထားလိုက်နာစောင့်ထိန်းသွားကြရန်လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရသည့် တပ်မတော်သားများသည် ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးပြည့်ဝခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ ယနေ့အချိန်အခါတွင် တပ်တွင်းစည်းလုံးညီညွတ်မှုပျက်ပြားစေရန် ရည်ရွယ်ပြီး ပြည်တွင်း၊ ပြည်ပ အဖျက်သမားအင်အားစုများသည် နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ တပ်မတော်သားများအနေဖြင့် ကျောချင်းကပ် ရင်ချင်းအပ်သည့်စည်းလုံးညီညွတ်မှုရှိရေးသည်အသက်တမျှ အရေးကြီးကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး အကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များ တူမည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်ဖြစ်ကြောင်း။

ထို့အပြင်ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ကူညီထောက်ပံ့ပေးခြင်းများသည် တပ်ပြင်စည်းရုံးရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာနယ်မြေအသီးသီးကို ရောက်ရှိချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နယ်မြေလုံခြုံရေးလုပ်ငန်းစဉ်များဆောင်ရွက်သည့်အခါ မိမိတို့တာဝန်ထမ်းဆောင်ရမည့် နယ်မြေအလိုက်ဒေသ၏အခြေအနေ၊ဒေသဆိုင်ရာအချက်အလက်များကို အသေးစိတ်သိရှိထားရန်လိုအပ်ကြောင်း၊ နယ်မြေခံတပ်ဖွဲ့များနှင့်ဒေသခံများ တစ်သားတည်းဖြစ်အောင် စည်းရုံးဆောင်ရွက်ပြီး အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

မိမိတို့တပ်မတော်သည်စစ်စည်းကမ်းကို အခြေခံပြီး အမိန့်နာခံတတ်မှုရှိအောင် လေ့ကျင့်ပေးထားသည့် ကျစ်လျစ်သိပ်သည်းစွာဖွဲ့စည်းထားသော တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်အတွက် အဓိကကျောရိုးမဏ္ဍိုင်ဖြစ်သကဲ့သို့ စစ်သည်တော်ဘဝကို ခံယူထားကြသူများဖြစ်၍ စစ်ဘက်ဥပဒေနှင့် စစ်စည်းကမ်းများကိုသာမက နယ်ဘက်ဥပဒေများကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ စည်းစနစ်ရှိသည့် တပ်မတော်သားကောင်းများအဖြစ် သာမက သူနာပြုနှင့်ဆေးဘက်ပညာသည်များဖြစ်သည့်အတွက် ကိုယ်ကျင့်သိက္ခာနှင့်ပတ်သက်လာပါက သာမန်ထက်ပိုပြီး စောင့်ထိန်းကြရန်လိုအပ်ကြောင်း၊ ထို့ပြင် ဆေးရုံ၊ ဆေးတပ်ဖွဲ့များအပြင် စစ်မြေပြင်တွင် ခြေလျင်တပ်ဖွဲ့များနှင့်အတူ တိုက်ပွဲဝင်သွားရမည်ဖြစ်ခြင်းကြောင့် ရဲဘော်စိတ်ဆိုသည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားတို့ကို ကောင်းစွာထားရှိမွေးမြူသွားကြရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ပြီး အရည်အချင်း ပြည့်ဝသည့် စစ်သည်တော်ကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် အရေးအကြီးဆုံးအချက်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေအောင် စစ်သည်တစ်ဦးချင်းစီက ဖြည့်ဆည်းလေ့ကျင့် နေရမှာဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်သုံးရပ်ထက်မြက်ပြီး အခြေခံ အရည်အချင်းငါးပါးနှင့် ပြည့်စုံအောင် နေထိုင်ပြုမူကျင့်ကြံကာ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် သူနာပြုနှဲ့ဆေးဘက်ပညာသည် စစ်သည်တော်ကောင်းများ ဖြစ်အောင် ကြိုးပမ်းသွားကြရန် အလေးထားမှာကြားလိုကြောင်း။

**"စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"**

ဆိုသည့်ဆောင်ပုဒ်ကိုနှလုံးသွင်းပြီး သူနာပြုကောင်းတစ်ဦးတွင် ရှိရမည့် ကျင့်ဝတ်၊ စိတ်ဓာတ်နှင့် အရည်အချင်းပြည့်ဝသူများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်၊ မိမိတို့တတ်ကျွမ်းနားလည်ထားသည့် ဆေးဘက်ပညာရပ်ဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာ အသုံးချပြီး သုတေသနပြု ရှာဖွေထုတ်လုပ်ခြင်းဖြင့် ပြည်သူလူထုအတွက် တတ်စွမ်းနိုင်သည့်ဘက်ကနေ ကာကွယ်စောင့်ရှောက်မှုဆောင်ရွက်ပေးသွားကြရန်၊ သူနာပြုတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်နိုင်မှုများကို လေးစားအားကျ ဂုဏ်ယူစိတ်နှင့် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ သမိုင်းအစဉ်အလာကောင်းများကိုထိန်းသိမ်းပြီး အမိကျောင်းတော်ကြီး၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် စစ်သည်တော်ကောင်းများအဖြစ် ပြုမူကျင့်ကြံနေထိုင်သွားကြရန်၊ သက်ဆိုင်ရာသူနာပြုနှင့်ဆေးဘက်ပညာရပ် နယ်ပယ်အလိုက် အစဉ်တိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားကြပြီး သူနာပြု အမိဋ္ဌာန်ကတိသစ္စာ ၉ ချက်ကိုလည်း အလေးထားလိုက်နာစောင့်ထိန်းသွားကြရန်၊ စည်းစနစ်ရှိသည့်တပ်မတော်သားကောင်းများအဖြစ် သာမက ရဲဘော်စိတ်ဆိုသည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့်သစ္စာစောင့်သိမှုတရားတို့ကို ကောင်းစွာမွေးမြူထားရှိပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် သူနာပြုနှင့်ဆေးဘက်ပညာသည်ကောင်းများဖြစ်အောင်ကြိုးစားလုပ်ဆောင်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပုံချိုမဟာသရေစည်သူစိုးဝင်းသည် ကျောင်းဆင်းတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့်သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည်တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းသူနာပြုများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲ ဂုဏ်ပြုဆောင်းပါး

# အေးအတူပူအမျှ ဖေးကူမမည့် ကျွမ်းကျင်ကူညီဆေးစစ်သည်များ

ရဲခေါင်

သူနာပြုလုပ်ငန်းသည် ကျန်းမာရေးကဏ္ဍအတွက် အခြေခံအကျဆုံးနှင့် အရေးပါဆုံး လုပ်ငန်းတစ်ရပ်ဖြစ်သည်။ **“စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ”** ဆိုသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ဆောင်ပုဒ်နှင့်အညီ သူနာပြုကျင့်ဝတ်နှင့်သူနာပြုစိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းနေရသော အတတ်ပညာတစ်ခုဖြစ်သည်။

သူနာပြုကောင်းတစ်ဦး၏ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်များသည် လူနာအတွက် ဝေဒနာတစ်ဝက် သက်သာစေသည်ဟု ဆိုစမှတ်ရှိ၏။ မိတ်ဆွေကဲ့သို့ ဆက်ဆံခြင်း၊ ရိုင်းပင်းကူညီခြင်း၊ ရိုးသားခြင်း၊ စိတ်ရှည်သည်းခံနိုင်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်း၊ အကြင်နာတရားရှိခြင်း စသည့်စိတ်ပိုင်းဆိုင်ရာအရည်အသွေးများသည် သူနာပြုကောင်းတစ်ယောက်အတွက် အစွမ်းထက်သောကိရိယာများပင်ဖြစ်ပါ၏။

နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလသို့ရောက်ပြီဆိုလျှင် မြန်မာ့တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် အဓိပ္ပာယ်ထူးခြားလေးနက်သောနေ့ရက်များ ဆိုက်ရောက်လာမြဲပင်ဖြစ်သည်။ မိမိတို့တပ်ဖွဲ့အတွင်းသို့ မျိုးဆက်သစ်ပညာရှင်များကို ထပ်မံအားဖြည့် ပေါင်းစည်းပေးနိုင်သည့် ဆေးတပ်ဖွဲ့ဆိုင်ရာသင်တန်းဆင်းပွဲများ ကျင်းပနိုင်ခြင်းပင်ဖြစ်လေသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၈ ရက်က တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲကြီးကို အောင်မြင်စွာကျင်းပခဲ့သည်။ စွမ်းရည်ပြည့်ဝနှလုံးလှသည့် သမားဇာနည်အောင်စစ်သည်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ခဲ့သည်။

ယနေ့တစ်ဖန် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲကျင်းပ၍ မိမိတို့ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်းသို့ မျိုးဆက်အသစ်၊ အားမာန်အသစ်များ ထပ်မံဖြည့်တင်းပေါင်းစည်းပေးဦးမည်ဖြစ်သည်။

မိမိတို့တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိသည်နှင့်အညီ ဆေးသိပ္ပံပညာရှင်အရာရှိများအနေဖြင့်လည်း တာဝန်ကျရာဒေသအသီးသီးရှိ တပ်မတော်သားမိသားစုဝင်များသာမက ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျန်းမာရေးကိုပါ **“စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ”** ဆိုသည့်ဆောင်ပုဒ်အတိုင်း ပြုစုစောင့်ရှောက်ရေး သန္နိဋ္ဌာန်ချထားကြပြီးဖြစ်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားသည့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် (၇၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကာ စိန်ရတုခရီးကိုပင်ကျော်လွန်ခဲ့ပြီဖြစ်ပါသည်။ ခေတ်အဆက်ဆက် ကောင်းမြတ်သည့်အစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းလာသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ သေချာစွာစေ့ငုလေ့လာကြည့်မည်ဆိုပါက ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသောအဆိုမှာ သွေးထွက်အောင်မှန်ကြောင်း တွေ့ရပါမည်။ မှန်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏စွမ်းအားမှာ ထိုနိုင်ငံသူ၊ နိုင်ငံသားတို့ထံတွင်သာ တည်ရှိနေပါ ခဲ့ရာ ယခုဆိုလျှင် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၉)အထိ သူနာပြုတပ်ဖွဲ့ဝင်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။



ကြီးသည် နိုင်ငံ့အကျိုး၊ တပ်မတော်အကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းရွက်လာခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်သည်။

သူနာပြုတပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းတစ်လျှောက်တွင်လည်း စွမ်းစွမ်းတမံပါဝင်ခဲ့ကြသည့် သမိုင်းမှတ်တမ်းကောင်း ပိုင်ဆိုင်ထားကြသူများဖြစ်သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့်ဝင်ရောက်ခဲ့ကြပြီး မြေပြင်တပ်ဖွဲ့ဝင်များနှင့်အတူ မိုင်ပေါင်းများစွာဝေးကွာသော စစ်မြေပြင်ခရီးကြမ်းကို အေးအတူပူအမျှ ထက်ကြပ်မကွာ လိုက်ပါတာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ ခက်ခဲကြမ်းတမ်းသည့် စစ်မြေပြင်များတွင် သူတို့တစ်တွေ၏ ရဲဝံ့ပြောင်မြောက်သော စွမ်းဆောင်မှုများမှာ သမိုင်းစာမျက်နှာများထက်ဝယ် မှတ်တမ်းတင်၍မဆုံးနိုင်အောင်ရှိခဲ့ကြသည်။ အထင်ရှားဆုံးမှတ်တမ်းအဖြစ် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ဖလောရင့်နိုက်တင်ဂေးဆု ပေးအပ်ချီးမြှင့်ခြင်းခံရသည့် ဒေါ်ခင်အုန်းမြသည် စံထားဖွယ်ဖြစ်၏။ သမိုင်းစဉ်တစ်လျှောက်မှ သူနာပြုတပ်ဖွဲ့ဝင်များ၏ မှတ်တမ်းကောင်းပုံရိပ်များသည် ယနေ့သူနာပြုတပ်ဖွဲ့ဝင်များအတွက် စံထားဂုဏ်ယူဖွယ်ပြယုဂ်များပင်ဖြစ်သည်။

နိုင်ငံတကာမျက်နှာစာတွင် ဖြစ်ပွားပေါ်ပေါက်ခဲ့ဖူးသော ဖြစ်စဉ်ဖြစ်ရပ်များ၊ ပဋိပက္ခများ၊ အလှည့်အပြောင်းများကို သည်။ လူသားအရင်းအမြစ်များဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားများ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ခြင်းနှင့် ရောဂါကင်းပအသက်ရှည်ခြင်းတို့သည် နိုင်ငံတော်တည်တံ့ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်အချိုးကျနေသည်ဟု ဆိုရပါမည်။

နိုင်ငံသူ၊ နိုင်ငံသားများ သက်ရှည်ကျန်းမာစေရန်ဆိုသည်မှာ ကျန်းမာရေးဆိုင်ရာ လူသားအရင်းအမြစ်ကောင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစနစ်များ အဆက်မပြတ်ရှင်သန်အားကောင်းနေရန်လိုအပ်ပါသည်။ နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရန် လိုအပ်ပါသည်။ ထို့နည်းတူ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်၊ တပ်မတော်သားမိသားစုဝင်များအတွက် ပြည့်စုံကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုမှာလည်း မလွဲမသွေလိုအပ်သည်သာဖြစ်ပါသည်။

သည့်အတွက် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ကူညီလျက်ရှိသည်၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကို **“ဒွိတာဝန်အရေးသုံးပါးကိုကာကွယ်မည့်အမျိုးသားတပ်မတော်အတွက် လိုအပ်သောလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့်သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်”** ဆိုသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ဖွင့်လှစ် ကျွမ်းကျင်ကူညီဆေးစစ်သည်တော်များဖြစ်ကြသည့် သူနာပြုတပ်ဖွဲ့ဝင်များသည် ဆေးရုံအသီးသီးတွင်သာမက စစ်မြေပြင်ဆေးတပ်ရင်းများတွင်ပါ တာဝန်ထမ်းဆောင်ကြလျက်ရှိသည်။ ကြမ်းတမ်းခက်ခဲသောစစ်မြေပြင်၌ သူတို့၏အကြင်နာနှလုံးသားကို ဖူးပွင့်စေနိုင်သူများဖြစ်သည်။ သူတို့၏ကရုဏာတရားကို ထုတ်ဖော်ပြသနိုင်သူများဖြစ်သည်။

ထို့ပြင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌လည်း မလစ်ဟင်းစေရ။ တပ်မတော်မှပါရဂူများ၊ ဆေးမှူးဆရာဝန်များနှင့်လက်တွဲကာ နယ်ဘက်ကျန်းမာရေးဝန်ထမ်းများနှင့်အတူ နယ်စွန်နယ်ဖျားမကျန် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စွမ်းစွမ်းတမံပါဝင်ထမ်းရွက်နေကြသည်သာဖြစ်သည်။ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများရှိပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားတက်သရောပါဝင်ဆောင်ရွက်ခဲ့ကြသည်။ တိုင်းစစ်ဌာနချုပ်အသီးသီးမှ ဒေသခံတိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း စေတနာအရင်းခံ၍ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြသည်သာဖြစ်ပါ၏။

ရှေ့မှသင်တန်းဆင်းနှင့်ပြီးဖြစ်သည့် နောင်တော်တပ်ဖွဲ့ဝင်များက တာဝန်အသွယ်သွယ်ကျေပွန်ခဲ့ကြသည့်နည်းတူ ညီငယ်မျိုးဆက်သစ်တပ်ဖွဲ့ဝင်များကလည်း သမိုင်းတစ်လှည့်တွင် ကျရာတာဝန်ကျေပွန်စွာထမ်းရွက်နေကြသည်မှာ မိခင်ကျောင်းတော်ကြီးအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

အဆိုပါကျောင်းတော်ကြီးကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တက်ရောက်ခွင့်ရသည့်သူနာပြုလောင်းများကို စစ်ပညာနှင့် တက္ကသိုလ်ပညာသင်ပေးရင်း ခေတ်မီမျိုးချစ်တပ်မတော်ကြီးအတွက် လက်ရုံးရည်နှင့် နှလုံးရည်ပြည့်ဝသော သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာစစ်သည်များကို မွေးထုတ်ပေးနိုင်ခဲ့သည့် ကျောင်းတော်ကြီးဖြစ်သည်။

သူနာပြုလောင်းများကို စစ်ပညာသင်ကြားရာတွင် စည်းကမ်းကောင်းသော ခေါင်းဆောင်တစ်ဦးဖြစ်စေရေး၊ ကိုယ်နှင့်စိတ်ပါကျန်းမာကြံ့ခိုင်သည့်သူများဖြစ်စေရေး၊ စစ်မြေပြင်ဆေးတပ်စုကို ပိုင်နိုင်စွာကွပ်ကဲအုပ်ချုပ်တတ်စေရေးတို့အတွက်ဖြစ်သည်။ တက္ကသိုလ်ပညာရပ်သင်ကြားပေးရာတွင် အဆင့်မီသောသူနာပြုကောင်းများဖြစ်လာစေရေး၊ အတွေ့အကြုံများလာသည်နှင့်အညီ အဆင့်မြင့်သူနာပြုပညာရပ်များဆည်းပူးနိုင်ရေး၊ စစ်မြေပြင်တွင် လူနာများအားပြုစုကုသနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင့်မီစွာဆောင်ရွက်နိုင်ရေးစသည့် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် နှစ်စဉ်မွေးဖွားပေးနေခြင်းဖြစ်သည်။

သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၉)တို့မှ အောင်မြင်စွာသင်တန်းဆင်းခဲ့ပြီးဖြစ်သည့် သူနာပြုစစ်သည်များအနေဖြင့် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ၍ **“ကျွမ်းကျင်ကူညီဆေးစစ်သည်”** ဆိုသည့်တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၏ ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နှင့်တပ်မတော်က အားကိုးအားထားပြုရမည့် သူနာပြုတပ်ဖွဲ့ဝင်ကောင်းများဖြစ်လာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ခြင်း၊ ပြောင်းလဲတိုးတက်လာသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူး၍ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ခြင်းတို့ဖြင့် အမိတက္ကသိုလ်၏ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်နှင့် တပ်မတော်၏ဂုဏ်ကို ဆောင်နိုင်ကြပါစေကြောင်း မုဒိတာနှလုံးသားဖြင့် ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရပါသည်။ ။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး (၂၀၂၄)ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၂၀၂၄)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့်လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုလှိုင်းများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့အပေါ် သက်ရောက်မှု၊ နည်းပညာများ တိုးတက်လာမှုနှင့်အတူ အကြမ်းဖက်အုပ်စုများ၏ နည်းဗျူဟာများ ပြောင်းလဲလာမှု၊ ဒရုန်းများနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် AI နည်းပညာအသုံးဝင်မှု၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှုတို့အကြား အပြန်အလှန်ဆက်စပ်နေမှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၏ အရေးပါမှု၊ နိုင်ငံအဆင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာမဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရန် ပြင်ဆင်နေမှုတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က ဆွေးနွေးပြောကြားသည်။

ယင်းနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များကိုအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အကြမ်းဖက်အုပ်စုများက ကျူးလွန်ခဲ့သော အကြမ်းဖက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး/ ဒဏ်ရာရရှိမှုနှင့် နိုင်ငံတော်ပိုင်/ ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆောင်ရွက်စဉ် အကြမ်းဖက်သမားများက အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများသိမ်းဆည်းရမိမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်အုပ်စုများနှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့များက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတကာသို့ သတင်းဖလှယ်ဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ရန်ပုံငွေရရှိသုံးစွဲမှု၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကိုဆုကြေးငွေထောက်ပံ့ပေးအပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ရဲမှူးချုပ်ကျော်ဇေယျက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကိုထိန်းချုပ်ရန် အမိန့်ထုတ်ပြန်နိုင်ရေး၊ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှမပြုလုပ်ရန်တားမြစ်နိုင်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီလုပ်ငန်းအဖွဲ့များ ပြန်လည်ပြင်ဆင်မှု၊ National Counter Terrorism Strategy ရေးဆွဲအကောင်အထည်ဖော်သွားရန် ပြင်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာလုပ်ငန်း ကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ အကြံပြုတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ဒီဇင်ဘာလ ၂၆ ရက်မှာပဲ နောက်ထပ်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ ရှန်ယန်းလေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်းရှိရာ ရှန်ယန်းမြို့ကောင်းကင်ယံမှာ နောက်ထပ်တိုက်လေယာဉ်တစ်စင်းစမ်းသပ်ပျံသန်းတာကိုမြင်တွေ့ရပြန်ပါတယ်။ ဒါပေမဲ့ ဒီလေယာဉ်က ပထမလေယာဉ်ထက် အရွယ်အစားအားဖြင့်သေးငယ်တာကိုတွေ့ရပါတယ်။ သူ့ကိုတော့ J-16 တိုက်လေယာဉ်က အစောင့်လိုက်ပေးနေတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဇင်ဘာလ ၂၆ ရက်မှာပဲ မတူညီတဲ့နေရာနှစ်ခုမှာ ပုံသဏ္ဌာန်အားဖြင့်တူညီတဲ့လေယာဉ်နှစ်စင်းစမ်းသပ်ပျံသန်းမှုလုပ်တာက နည်းနည်းတော့ထူးခြားနေတယ်လို့ထင်ရပါတယ်။

တကယ်တမ်းတော့ ဒီဇင်ဘာလ ၂၆ ရက်ဆိုတာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုထူထောင်သူဖခင်ကြီးဖြစ်တဲ့ မော်စီတုန်းရဲ့မွေးနေ့ဖြစ်ပါတယ်။ ဒါကြောင့် လေ့လာသူတော်တော်များများကတော့ အခုလိုမျိုးလေယာဉ်တွေကိုစမ်းသပ်ပျံသန်းမှုလုပ်တာက မော်စီတုန်းရဲ့မွေးနေ့ကိုဂုဏ်ပြုတဲ့အနေနဲ့လုပ်ဆောင်ကြတာဖြစ်နိုင်တယ်လို့ ဆိုကြပါတယ်။

မည်သို့ပင်ဆိုစေကာမူ အင်ဂျင်သုံးလုံးတပ်ထားတယ်ဆိုတဲ့ တိုက်လေယာဉ်တစ်စင်းက ပုံမှန်ထက်ပိုပြီးထူးခြားနေတာတော့အမှန်ပါပဲ။ ဒီလိုထူးခြားနေရတာကလည်း တရုတ်အနေနဲ့ သူ့ရဲ့ပြိုင်ဘက်ဖြစ်တဲ့ အမေရိကန်နဲ့မတူဘဲ ကွဲထွက်နေအောင်လို့ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုးတိုက်လေယာဉ်ကိုထုတ်လုပ်ရတဲ့ရည်ရွယ်ချက်နဲ့ အဲဒီလေယာဉ်ရဲ့အသေးစိတ်အချက်အလက်တွေကိုတော့ မသိရသေးပါဘူး။

ဒီလိုမျိုးအင်ဂျင်တွေဆိုတာ တကယ့်ကိုပဲ ကမ္ဘာ့အဆင့်မီတဲ့အင်ဂျင်တွေဖြစ်နိုင်ပြီး အမေရိကန်အနေနဲ့ပြီးခဲ့တဲ့အတောအတွင်းမှာ တိုက်လေယာဉ်အတွက် အင်ဂျင်အသစ်တွေကို မထုတ်လုပ်ထားနိုင်ပါဘူး။ ဒါကပဲ တရုတ်ကသူ့ရဲ့ပြိုင်ဘက်တွေကို ကျော်တက်သွားစေတဲ့အဓိကအချက်ဖြစ်ပါတယ်။ ဒါကြောင့် အခုလိုမျိုးလေယာဉ်ကို တရုတ်နိုင်ငံကစမ်းသပ်ပျံသန်းလိုက်နိုင်တာဟာ အလွန်ကိုအရေးကြီးတဲ့မိုင်တိုင်တစ်ခုကိုကျော်ဖြတ်လိုက်နိုင်တာဖြစ်တယ်လို့ လေ့လာသူများက ဆိုထားကြပါတယ်။

အခုမြင်တွေ့လိုက်ရတဲ့ တိုက်လေယာဉ်ရဲ့အရွယ်အစားက J-20 ထက်ကိုကြီးမားနေတဲ့အတွက် သူ့မှာ လက်နက်တွေကို ပိုမိုသယ်ဆောင်နိုင်မယ့်သဘောရှိပါတယ်။ ဒါဆိုရင် သူ့ရဲ့စစ်ဆင်ရေးမှာအသုံးဝင်မှုက တော်တော်လေးကို ကြီးမားသွားပါပြီ။ ဒါပေမဲ့ သူ့ရဲ့ဒီဇိုင်းပိုင်းအရဆိုရင်တော့ လှုပ်ရှားသွားလာမှုနဲ့တည်ငြိမ်မှုတို့မှာ သမားရိုးကျလေယာဉ်တွေထက်တော့ နည်းနည်းလျော့နိုင်တယ်လို့ ကျွမ်းကျင်သူများက မှတ်ချက်ပြုထားတာတွေ့ရပါတယ်။

ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်ဆိုတာက လက်ရှိမှာ စိတ်ကူးယဉ်ပုံဖော်မှုအဆင့်မှာသာရှိသေးတယ်လို့ဆိုပါတယ်။ အဲဒီလိုလေယာဉ်မျိုးမှာ ဘာတွေပါမလဲဆိုရင် ကိုယ်ပျောက်စွမ်းရည်ပိုကောင်းရမယ်။ လက်နက်အသုံးပြုနိုင်မှု သာလွန်ရမယ်။ လေကြောင်းအီလက်ထရွန်နစ်နည်းပညာနဲ့ အသံနှုန်းလွန်စွမ်းဆောင်ရည်တွေပါရှိရမယ်။ AI နဲ့ ကွမ်တမ်တွက်ချက်မှုတွေကို ပေါင်းစပ်ရမယ်။ နောက်ဆုံးတစ်ချက်ကတော့ လူမောင်းတိုက်လေယာဉ်နဲ့ မောင်းသူမဲ့တိုက်လေယာဉ်တို့ကြားမှာ ဟန်ချက်ညီညီနဲ့ပေါင်းစပ်ပြီး တိုက်ပွဲဝင်နိုင်စွမ်းရှိရမယ်လို့ဆိုထားပါတယ်။ အခုလက်ရှိမှာတော့ ဒီတိုက်လေယာဉ်က ဘယ်လိုအမျိုးအစား၊ ဘယ်လောက်မျိုးဆက်ဖြစ်တယ်ဆိုတာကို တရုတ်ဘက်က တရားဝင်မထုတ်ပြန်ထားပေမယ့် ကျွမ်းကျင်သူများရဲ့လေ့လာချက်အရ၊ သုံးသပ်ချက်အရဆိုရင် ဒီလေယာဉ်က ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်ဖြစ်နိုင်တယ်လို့ဆိုရမှာပါ။ တကယ်လို့သာ ဒီတိုက်လေယာဉ်က ဆဋ္ဌမမျိုးဆက်ဆိုရင် တရုတ်က ပြိုင်ဘက်နိုင်ငံတွေကို ဆွံ့အသွားအောင်လုပ်လိုက်နိုင်ပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

Ref: SCMP

ထက်မြတ်

## အိန္ဒိယဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်း အသက် ၉၂ နှစ်တွင်ကွယ်လွန်

နယူးဒေလီ၊ ပြည်တွင်းရေး

အိန္ဒိယနိုင်ငံကို စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာစေရန် ပြုပြင်ပြောင်းလဲမှုများ စတင်လုပ်ဆောင်ခဲ့သည့် အိန္ဒိယဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်းသည် အသက် ၉၂ နှစ်တွင်ကွယ်လွန်သွားပြီဖြစ်ကြောင်း လက်ရှိဝန်ကြီးချုပ်နာရန်ဒရာမိုဒီကပြောသည်။

မန်မိုဟန်ဆင်းသည် ဒီဇင်ဘာလ ၂၆ ရက်တွင်နေအိမ်၌ရှိနေစဉ် သတိလစ်သွားသောကြောင့် ၎င်းကိုဆေးရုံသို့ပို့ဆောင်သော်လည်း ဒေသစံတော်ချိန် ည ၉ နာရီ ၅၁ မိနစ်တွင် ကွယ်လွန်ခြင်းဖြစ်သည်။

မန်မိုဟန်ဆင်းကွယ်လွန်မှုနှင့်ပတ်သက်၍ အလွန်လေးစားရသောခေါင်းဆောင်ကြီးတစ်ဦးကိုဆုံးရှုံးရသည့်အတွက် အိန္ဒိယတစ်နိုင်ငံလုံးကဝမ်းနည်းကြောင်း မိုဒီက လူမှုကွန်ရက်တွင်ရေးထားသည်။ မန်မိုဟန်ဆင်းသည် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ပြီး နိုင်ငံ့စီးပွားရေးကို မြှင့်တင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref: BP

## ကမ္ဘာ့အရန်ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာ၏ပါဝင်မှု ကျဆင်း

ဝါရှင်တန်ဒီစီ၊ ငွေကြေး

ကမ္ဘာ့အရန်ငွေကြေးဈေးကွက်အတွင်း နိုင်ငံများစွာက စွဲကိုင်အသုံးပြုနေသော အမေရိကန်ဒေါ်လာ၏ ပါဝင်မှုပမာဏမှာ နှစ်ပေါင်း ၃၀ နီးပါးအတွင်း အနိမ့်ဆုံးသို့ ကျဆင်းလာသည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏နောက်ဆုံးထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုနှစ်၏ ဇူလိုင်လမှ စက်တင်ဘာလ ကာလအတွင်း ကမ္ဘာ့အရန်ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာပါဝင်မှုပမာဏမှာ သုည ဒသမ ၈၅ ရာခိုင်နှုန်းကျဆင်းပြီး ထိုသို့ကျဆင်းမှုသည် ၁၉၉၅ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ကြောင်း IMF ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကို တွေ့ရသည်။

လက်ရှိတွင် ကမ္ဘာ့အရန်ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာ၏ပါဝင်မှုပမာဏက ၅၇ ဒသမ ၄ ရာခိုင်နှုန်းရှိနေသည်ဟု IMF ၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ အမေရိကန်ဒေါ်လာကို ကမ္ဘာ့အရန်ငွေကြေးအဖြစ်အသုံးပြုမှုက အကျဘက်သို့ဦးတည်နေသည့်တိုင် လက်ရှိအချိန်အထိ လူသုံးအများဆုံးငွေကြေးဖြစ်နေဆဲဖြစ်သည်ဟု IMF ကပြောသည်။

တစ်ချိန်တည်းမှာပင် ယူရိုငွေကြေးကို ကမ္ဘာ့အရန်ငွေကြေးအဖြစ် စုဆောင်းအသုံးပြုမှုသည် ဒုတိယသုံးလပတ်အတွင်း ၁၉ ဒသမ ၇၅ ရာခိုင်နှုန်းရှိရာမှ တတိယသုံးလပတ်တွင် ၂၀ ဒသမ ၀၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဂျပန်ယန်းမှာ တတိယသုံးလပတ်တွင် ၅ ဒသမ ၈၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ တရုတ်ယွမ်မှာ ၂ ဒသမ ၁၇ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးမြင့်တက်လာသည်ဟုသိရသည်။

Ref: RT

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၇

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များတက်ရောက်ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများ၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည့်အတွက် အချိန်အနည်းငယ်သာကျန်ရှိခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ ပြည်သူများ အဆင်ပြေချောမွေ့စွာ ကြည့်ရှုနိုင်ရန်အတွက် တိုက်ရိုက်ထုတ်လွှင့်မှု (Live) အစီအစဉ်များကိုလည်း အထူးအလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် တက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုညစာစားပွဲအခမ်းအနား၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနတို့မှ "ပဒေသာကပွဲ" ဖြင့် နိုင်ငံတကာသံစုံတီးဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုဖျော်ဖြေမည့်တေးသီချင်းများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။


ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံစုံတီးဝိုင်းမှ မိနစ် ၃၀ ကြာ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်တွင် "ဖွေးတုတ်"၊ "တောင်ယာဝင်ချိန်"၊ "ရိုးရာမပျက်တဲ့မြေ"၊ "ရိုးရှင်းသောဘဝ"၊ "မောင်တို့ချယ်ရီမြေ"၊ "အလှသစ္စာတရား"၊ "ရွှေအိုးစည်" စသည့်သံစဉ်များနှင့် တေးသီချင်းများ တီးမှုတ်သီဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သံစုံတီးဝိုင်း၏ ပဏာမတေးသွား၊ တေးသီချင်းများနှင့်သံစဉ်တီးလုံးများကို တီးခတ်ပြသမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အကြံပြုဆွေးနွေးပြောကြားပြီး နိုင်ငံတော်သံစုံတီးဝိုင်းနှင့် အဆိုပညာရှင်ဝန်ထမ်းများအား ဆုငွေချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ နိုင်ငံတော်သံစုံတီးဝိုင်းသည် နိုင်ငံတော်အဆင့်အခမ်းအနားများ၊ ပြည်ပဧည့်သည်တော်များအတွက် ဂုဏ်ပြုညှိ့ခံပွဲများနှင့် ပြည်ပခရီးစဉ်များတွင် သွားရောက်ဖျော်ဖြေတင်ဆက်နိုင်ရန် စုဖွဲ့ထားရှိရာ ယခုအခါ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းမှုဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်နေခြင်းဖြစ်ကြောင်း သိရသည်။

(၅၀၀)




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၉ | ၂၆ |
| ရှမ်း(မြောက်) | ၁၂ | ၂၇ |
| ရှမ်း(အရှေ့) | ၁၂ | ၂၆ |
| ရှမ်း(တောင်) | ၁၀ | ၂၆ |
| ချင်း | ၄ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၂ | ၂၆ |
| စစ်ကိုင်း(အောက်) | ၁၆ | ၃၀ |
| နေပြည်တော် | ၁၈ | ၃၀ |
| မန္တလေး | ၁၇ | ၃၀ |
| မကွေး | ၁၇ | ၃၁ |
| ရခိုင် | ၁၄ | ၃၀ |
| ပဲခူး | ၁၆ | ၃၂ |
| ရန်ကုန် | ၂၀ | ၃၄ |
| ဧရာဝတီ | ၂၀ | ၃၁ |
| ကယား | ၁၄ | ၂၇ |
| ကရင် | ၂၀ | ၃၄ |
| မွန် | ၂၀ | ၃၃ |
| တနင်္သာရီ | ၂၂ | ၃၄ |

# မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်း (၄)နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် ပူးပေါင်းကင်းလှည့်ရေးဆိုင်ရာ နှစ်ပတ်လည်အကျဉ်းချုပ်အစည်းအဝေး(၂၀၂၄)ကျင်းပပြုလုပ်






ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေမိုးသက် မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်း (၄)နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် ပူးပေါင်းကင်းလှည့်ရေးဆိုင်ရာ နှစ်ပတ်လည်အကျဉ်းချုပ်အစည်းအဝေး(၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့က အလှည့်ကျအိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်း (၄)နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့်ပူးပေါင်းကင်းလှည့်ရေးဆိုင်ရာ နှစ်ပတ်လည်အကျဉ်းချုပ်အစည်းအဝေး(၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Hotel၊ အင်းယား၊ အင်းလေးခန်းမ၌ ကျင်းပပြုလုပ်သည်။

မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်း (၄)နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် ပူးပေါင်းကင်းလှည့်ရေးဆိုင်ရာ နှစ်ပတ်လည်အကျဉ်းချုပ်အစည်းအဝေး(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ ရေကြောင်းရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့မှ အဆင့်မြင့်ကိုယ်စားလှယ်အရာရှိများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေမိုးသက်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကူးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်း နိုင်ငံတို့မှ အဆင့်မြင့်ကိုယ်စားလှယ်အရာရှိများသည် နှစ်ပတ်လည်အကျဉ်းချုပ်အစည်းအဝေး(၂၀၂၄)(Multilateral Meeting) အား ဂျိုးဖြူခန်းမတွင် ဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် မဲခေါင်မြစ်ကြောင်းတစ်လျှောက်တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မဲခေါင်မြစ်ဝှမ်းဒေသနေပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေး ကိစ္စရပ်များအားဆွေးနွေးခဲ့ကြပြီး နေ့လယ်ပိုင်းတွင် အင်းယား၊ အင်းလေးခန်းမ၌ နှစ်နိုင်ငံအလုပ်သဘောအစည်းအဝေး (Bilateral Work Talks)များ အဖြစ် မြန်မာ-တရုတ်၊ တရုတ်-လာအို၊ တရုတ်-ထိုင်း အစည်းအဝေးများဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် သန့်ရှင်းသောသောက်သုံးရေရရှိရေး သရုပ်ပြစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၂၇

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(ပုဂ္ဂလိက)ဖြင့် ဆောင်ရွက်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေး သရုပ်ပြစီမံကိန်းပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အောင်သာကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စီမံကိန်းတွင် ပေ ၅၀၀ အနက်မှာရှိသည့် မြေအောက်ရေကိုရယူပြီး ရေစစ်ကန်အတွင်း ဖြတ်သန်းသန့်စင်ကာ အမြင့်တင်ရေစင်ဖြင့် ကျေးရွာအတွင်း သန့်ရှင်းသောသောက်သုံးရေဖြန့်ဖြူးသည့် စနစ်ကို တည်ဆောက်ထားခြင်းကြောင့် ကျေးရွာရှိ အိမ်ခြေ ၄၃၀၊ လူဦးရေ ၁၈၇၂ ဦးနှင့်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းများကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာရေရရှိရေးလုပ်ငန်း ပုံမှန်လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ လိုအပ်သည့် အစီအမံများ၊ ရန်ပုံငွေကောက်ခံရေးအစီအမံများကို ရေးဆွဲဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က တရုတ်-မြန်မာနှစ်နိုင်ငံ မဲခေါင်-လန်ချန်းစီမံကိန်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် SPIC (Myanmar) Zero Carbon Energy ကုမ္ပဏီမှ ဥက္ကဋ္ဌက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျေးရွာကိုယ်စားလှယ်ထံ စီမံကိန်းဆိုင်ရာ အချက်အလက်များ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်၊ နေပြည်တော်ကောင်စီဝင်၊ SPIC (Myanmar) Zero Carbon Energy ကုမ္ပဏီမှ ဥက္ကဋ္ဌတို့က စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် အမြင့်တင်ရေစင်၊ ရေသန့်စက်ရုံတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်တို့က ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ဆုတံဆိပ်ရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများနှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တာဝန်ထမ်းဆောင်ခဲ့သောဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဆုတံဆိပ်ရရှိခဲ့သော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများနှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တာဝန်ထမ်းဆောင်ခဲ့သောဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရန်အတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးကိုလည်းအသိအမှတ်ပြုမှတ်တမ်းတင် ချီးကျူးဂုဏ်ပြုကြောင်း၊ ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ကြရန်နှင့် စည်းလုံးညီညွတ်မှုကိုပြသပြီး တက်တက်ကြွကြွဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြေးခုန်ပစ်အားကစားနည်းမှဆုတံဆိပ်ရရှိသည့်အားကစားသမားများနှင့် ကျရာအခန်းကဏ္ဍမှတာဝန်ကျေပွန်စွာပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်း၊ ဘော်လီဘောအားကစားနည်းနှင့် ပိုက်ကျော်ခြင်းအားကစားနည်းများတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသည့် အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများကို ဒုတိယဝန်ကြီးများနှင့်ညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

(၅၀၀)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၂၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးကိုကိုလွင်သည် ယမန်နေ့ နံနက်ပိုင်းက ၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို၊ တာဝန်ရှိသူများနှင့် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ၂၀၂၅ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ မဲစာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီက ပေးပို့သော e-ID လူဦးရေစာရင်းများကို Sever သို့ ထည့်သွင်းထားရှိပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့များအတွက် အများယုံကြည်လေးစားခြင်းခံရသူများ ခန့်အပ်တာဝန်ပေးဆောင်ရွက်နိုင်မှုများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့် ထားဝယ်မြို့ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ၂၀၂၅ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် မဲရုံများဖွင့်လှစ်နိုင်မှုကို မဲဆန္ဒရှင်စာရင်းနှင့် နောက်ဆုံးအခြေအနေသင့်တင့်မှုရှိစေရန် လိုအပ်ကြောင်း၊ နိုင်ငံရေးပါတီရုံးခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် ပါတီဝင်အင်အားစာရင်းများကို နောက်ဆုံးအခြေအနေအမြဲစုစည်းပြုစုထားရန်လိုအပ်ကြောင်းနှင့်ဖြန့်ခွဲအသုံးပြုမည့် မဲရုံသုံးပစ္စည်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိနှင့် တိုင်းဒေသကြီးအတွင်းရှိ အရာထမ်း၊ အမှုထမ်းတို့က ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်ပါသည်။

(မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အလုပ်သမားဝန်ကြီးဌာန ဘော်လီဘော (အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၇

အလုပ်သမားဝန်ကြီးဌာန ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အမြဲတမ်းအတွင်းဝန်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရေး၊ ဝန်ထမ်းများကျန်းမာကြံ့ခိုင်သန်စွမ်းမှုရရှိစေရေး၊ ဝန်ထမ်းအချင်းချင်း ရိုင်းပင်းကူညီစိတ်များနှင့်စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အထများရရှိစေရန်ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ အားကစားသမားမောင်မယ်များသည် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရရှိအောင်ယှဉ်ပြိုင်ပြီး ဝန်ကြီးဌာနအဆင့် အားကစားသမားများမှတစ်ဆင့် နိုင်ငံတော်အဆင့် ဝန်ကြီးဌာနကိုယ်စားပြုယှဉ်ပြိုင်နိုင်သည့် အားကစားသမားများဖြစ်အောင်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက်ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲတွင် တတိယဆုရရှိသည့် (အမျိုးသား/အမျိုးသမီး)အသင်းကို လူမှုဖူလုံရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် (အမျိုးသား/အမျိုးသမီး)အသင်းကို အမြဲတမ်းအတွင်းဝန်ကလည်းကောင်း၊ ပထမဆုရရှိသည့် (အမျိုးသား/အမျိုးသမီး)အသင်းကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း ဆုကြေးငွေနှင့် ဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

## (၂၇-၁၂-၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၂၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့သူများနှင့် ဆုရပြိုင်ပွဲဝင်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၇

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့သူများနှင့် ဆုရပြိုင်ပွဲဝင်အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ တည်းခိုနေထိုင်ရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဝင်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများ၊ အုပ်ချုပ်သူနှင့်နည်းပြများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က တည်းခိုနေထိုင်ရေးနှင့်ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ဆပ်ကော်မတီဝင်များနှင့်ဝန်ထမ်းများ၊ အနိုင်အရှုံးကိုအဓိကမထားဘဲ အားကစားစိတ်ဓာတ်ဖြင့်ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ပြိုင်ပွဲဝင်အားကစားသမားများအားလုံးကို အသိအမှတ်ပြုကြောင်း ပြောကြားသည်။

ထို့နောက် တည်းခိုနေထိုင်ရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ပြင်ဆင်ဆောင်ရွက်သွားသင့်သည့်ကိစ္စရပ်များ၊ အားကစားနည်းအလိုက် အောင်မြင်တိုးတက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်တို့က တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည့် သူများနှင့် ပံ့ပိုးဆောင်ရွက်ပေးခဲ့သူများ၊ ပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် နည်းပြနှင့်အားကစားသမားများ၊ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားတွင် တည်ခင်းဧည့်ခံခဲ့သော ရွှေနန်းတော်ဟိုတယ်၊ ဟိုတယ်မက်စ်၊ ရှိုင်ရယ်မင်္ဂလာစားသောက်ဆိုင်မှ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည့် သူများနှင့် ပံ့ပိုးဆောင်ရွက်ပေးခဲ့သူများ၊ ဆုရအားကစားသမားများနှင့် နည်းပြ၊ အုပ်ချုပ်သူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(မဝ)

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၂ ရက်မှ ၉ ရက်ခန့် နံနက်ပိုင်းတွင် မြူထုများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့်မဒေါက်မြို့တို့တွင် ၁ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့်ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။ (မိုး/ဇလ)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲမြင်ကွင်းပုံရိပ်များ
















နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
THE BEST QUALITY TYRE


နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၀၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မိုးဖြဲမြို့တွင်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့် ဗုံးကြဲမှုကြောင့် နေအိမ် ၅၀ ကျော်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက် မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်၊ ကရင်နီနယ်စပ်၊ မိုးဖြဲမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့် ဗုံးကြဲမှုကြောင့် နေအိမ် ၅၀ ကျော် ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းတုသတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်းတွေ့ရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့တွင် အကြမ်းဖက်သမားများ တရားမဝင်ဝင်ရောက်ခိုအောင်းနေထိုင်မှုမရှိစေရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိစေရေးအတွက်လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ပြည်သူများနေထိုင်ရာ နယ်မြေအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် ရွံ့ရှာစက်ဆုပ်ဖွယ် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ခြင်းကြောင့် နယ်မြေခံပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ တရားမဝင်အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ယခုကဲ့သို့ မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
| --- | --- | --- |
| နေပြည်တော် | ၁၈°င | / ၃၀°င |
| ရန်ကုန် | ၂၀°င | / ၃၄°င |
| မန္တလေး | ၁၇°င | / ၃၀°င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

○ **ကျောဖုံးမှအဆက်**

Happy Water ၂ ဒသမ ၆၇ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ည ၆ နာရီအချိန် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ခိုင်းသူများဖြစ်သည့် နိုင်နိုင်ဝင်း(ခ)ရှက်ဖီးနှင့် တင်ထွန်းနိုင်တို့အား ပဲခူးမြို့၊ ရပ်ကွက်ကြီး(၆)၊ ဗိုလ်အောင်ကျော်လမ်းရှိ ဟိုတယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့မှ ပဲခူးမြို့သို့သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သာယာဝတီခရိုင်အတွင်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကွင်းဆင်းကြည့်ရှုအားပေး

ပဲခူး ဒီဇင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်သည်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာယာဝတီခရိုင်အတွင်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် လက်ပံတန်း-မိုးညိုကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲခင်းရိတ်သိမ်းနေမှုများကို ကွင်းဆင်းကြည့်ရှုသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ လက်ပံတန်းမြို့နယ် ဗောဓိပင်ကျေးရွာအုပ်စု ချောင်းဆုံကျေးရွာ၌ ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒေသခံတောင်သူများက တိုင်းအစိုးရအဖွဲ့၏ မျိုးကောင်းမျိုးသန့်ပြောင်းလဲပေးမှုကြောင့် မတ်ပဲပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိမှုနှင့် သီးခြားလိုအပ်ချက်များကိုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးထပ်စွမ်းအားတိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိရေးနှင့် သီးခြားလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် လက်ပံတန်းမြို့နယ် အုန်းကုန်းကျေးရွာထိပ်၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မူလရေကာတာဟောင်းပေ ၁၅၀ ခန့် ပြိုကျပျက်စီးခဲ့မှုနှင့် ယာယီထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အုန်းကုန်းကျေးရွာ သရက်တောဘုန်းတော်ကြီးကျောင်း ဦးစီးပဓာနနာယကဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် အညာတန်းကျေးရွာ၌ ဂမုန်းချောင်းပေါ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေဒလက်(Water Wheel) တပ်ဆင်၍ရေပေးဝေထားရှိမှုကြောင့် အောင်မြင်ဖြစ်ထွန်းနေသောဟင်းသီးဟင်းရွက် ၅၆ ဧက စိုက်ခင်းကိုကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သွင်းအားစုများ ချီးမြှင့်ပေးအပ်ကာ ဟင်းသီးဟင်းရွက် စိုက်ခင်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏အဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပညာသင်နှစ်အလိုက် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ၏ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံးအစရှိသည့် အားကစားပစ္စည်းများကို ပေးအပ်ရာ ပါမောက္ခချုပ်ဒေါက်တာမို့မို့ရီက လက်ခံရယူသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြု ဘောလုံးအသင်းတွင် ပါဝင်ကစားခဲ့ပြီး တတိယကြေးတံဆိပ်ရရှိခဲ့ကြသည့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) မှ ကျောင်းသား ငါးဦး၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)မှ ကျောင်းသားတစ်ဦးတို့ကို ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းစီ ပေးအပ်သည်။

ယနေ့ကျင်းပသော အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်တွင် မဟာဘွဲ့ရရှိသူ ခုနစ်ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ရရှိသူ ၂၂၁ ဦး၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိသူ နှစ်ဦး၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာ ဒီပလိုမာရရှိသူ ၂၅ ဦးတို့ကို သက်ဆိုင်ရာဘွဲ့အလိုက်ချီးမြှင့်အပ်နှင်းမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

**ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၂၇-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၁.၇ | ၃၅.၁ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၅.၀ | ၄၁.၀ |
| ပူတာအိုမြို့ | ၆.၈ | ၄၄.၂ |
| မြစ်ကြီးနားမြို့ | ၇.၃ | ၄၅.၁ |
| တီးတိန်မြို့နှင့်ပြင်ဦးလွင်မြို့ | ၇.၅ | ၄၅.၅ |
| မချမ်းဘောမြို့ | ၈.၈ | ၄၇.၈ |
| ဟဲဟိုးမြို့နှင့်လွိုင်လင်မြို့ | ၉.၀ | ၄၈.၂ |
| မိုင်းယန်းမြို့ | ၁၀.၀ | ၅၀.၀ |







## ❖ နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေး ဆောင်ရွက်ရမည်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲများကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့်လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❑



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

**အေးအတူပူအမျှ ဖေးကူမမည့် ကျွမ်းကျင်ကူညီ ဆေးစစ်သည်များ**

ဆောင်းပါး-စာ - ၁၄ သို့

**ကလေးခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲပုပ် ၆၄၉၂ ဧက စိုက်ပျိုးပြီးစီး၊ အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးခြင်းဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်**

စာ - ၉ သို့

## ပဲခူးမြို့တွင် ငွေကျပ် ၁၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၁၇၀ ကီလိုနှင့် Happy Water ၂ ဒသမ ၆ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပဲခူးမြို့၊ ရပ်ကွက်ကြီး(၆)၊ ဗိုလ်အောင်ကျော်လမ်း၌ ကျော်ဆန်းဦး မောင်းနှင်ပြီး မလွှမ်းယန်းလိုက်ပါလာသည့် TOYOTA DYNA မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် သံတို/သံစများဖြင့် ဖုံးအုပ်တင်ဆောင်လာသည့် သံသေတ္တာများအတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် ၁၄ ဒသမ ၁၁၅၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၂ ဒသမ ၃ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၁၇၀ ကီလိုနှင့်

စာမျက်နှာ ၂၉ ကော်လံ ၄ ❍

ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။





